ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ စနေနေ့၊ (25-10-2008) (၅၈၄၂)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ၂၀၁၅ ခုနှစ်တွင် အလွန်အမင်းဆင်းရဲနွမ်းပါးသူဦးရေ ထက်ဝက်လျှော့ချနိုင်ရေး ကမ္ဘာ့ရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရာ၌ ကုလသမဂ္ဂအနေဖြင့် အောင်မြင်မှုများရရှိနေ

## အဖွဲ့ဝင်နိုင်ငံများအကြား ညီညွတ်စွာဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ပိုမို၍ ကြောင်းကျိုးဆီလျော်ညီညွတ်မှုရှိကာ အားသစ်လောင်းစေနိုင်သည့်နည်းလမ်းများ ဖော်ထုတ်ပေးရန်လိုနေ

နေပြည်တော်　အောက်တိုဘာ　၂၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်ခဲ့သည့်ကာလ (၆၃)နှစ်ပြည့်မြောက်သည့် အခါသမယတွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် အဖွဲ့ကြီး တည်ထောင်သည့် အထိမ်းအမှတ်အား ဂုဏ်ပြုလျက် အဖွဲ့ကြီးအပေါ်တွင်ထားရှိသည့် ကျွန်ုပ်တို့၏ ကတိကဝတ်များကို ထပ်လောင်းအတည်ပြုပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်ခဲ့သော သက်တမ်း (၆၃)နှစ်ပြည့်မြောက်သည့်အချိန်အခါတွင် ကမ္ဘာကြီးသည် ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာအကျပ်အတည်းနှင့် စွမ်းအင်လုံခြုံရေး စသည့် မျက်မှောက်ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။

ကမ္ဘာနှင့်အဝန်း ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည့် ရာသီဥတုပြောင်းလဲမှုပြဿနာကို နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိရာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သော **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

# ယခုကျင်းပသည့် ကုန်စည်ပြပွဲနှင့် ထိပ်သီးအစည်းအဝေးများက နှစ်ဖက်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ပိုမိုမြှင့်တင်ပေးနိုင်မည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

# မြန်မာနိုင်ငံတွင် သဘာဝသယံဇာတများ ပေါများသည့်အတွက် သတ္တုလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လို

ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်း

နေပြည်တော်　အောက်တိုဘာ　၂၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ မာပြောင်း(Mr. Ma Biao)သည် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ လီယွမ်ဟိုတယ်(Liyuan Resort)ဧည့်ရိပ်သာ အမှတ်(၁၇) ဧည့်ခန်းမသို့ လာရောက်၍ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။**

ထိုသို့ ဂါရဝပြု တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရိုန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ မာပြောင်း နန်နင်းမြို့ လီယွမ်ဟိုတယ် ဧည့်ရိပ်သာအမှတ်(၁၇) ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

ကြေးမုံ
The Mirror

၂၅-၁၀-၂၀၀၈
(စနေနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာနှင့်တရုတ် စီးပွားကုန်သွယ်မှု တိုးမြှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ရန် အောက်တိုဘာလ ၂၀ရက်နေ့က နန်နင်းမြို့သို့ သွားရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်နှင့် အောက်တိုဘာလ ၂၁ ရက်နေ့က နန်နင်းမြို့ရှိ လီယွမ်ဟိုတယ် နိုင်ငံတကာကွန်ဖရင့် ဗဟိုဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းသို့တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က **“တရုတ်-အာဆီယံ စီးပွားရေး ရင်းနှီးဖြစ်ထွန်းမှုကိုသာမက မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား စီးပွားရေးဆက်ဆံမှုများ ပိုမိုဖြစ်ထွန်းလာစေမည်ဟု ယုံကြည်ပါကြောင်း၊ တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးအနေဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဘက်ပေါင်းစုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လွတ်လပ်သော ကုန်သွယ်ရေးဒေသ ထူထောင်ခြင်းအားတွန်းအားပေးလိမ့်မည်ဟု ယုံကြည်ပါကြောင်း”** ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်က **“နှစ်ပေါင်း(၅၀)ကျော်အတွင်း နိုင်ငံတကာ ဆက်ဆံရေးအခြေအနေပြောင်းလဲမှု မြောက်မြားစွာ ရှိခဲ့သော်လည်း မိမိတို့နှစ်နိုင်ငံဆက်ဆံရေးမှာ ပြောင်းလဲမှု မရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများကသာ ကိုယ့်အားကိုယ်ကိုး ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်ပအင်အားစုများမှ မည်သည့်ပုံစံဖြင့် ဝင်ရောက်စွက်ဖက်မှုကို မဆို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအနေဖြင့် ဆန့်ကျင်ပါကြောင်း”** ဆွေးနွေးပြောကြားခဲ့သည်။

မြန်မာနှင့်တရုတ် နှစ်နိုင်ငံတို့သည် ရေမြေတောတောင်ချင်း ဆက်စပ်လျက်ရှိပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကူးလူးဆက်သွယ်ရင်းနှီးချစ်ကြည်စွာ နေထိုင်လာခဲ့ကြသည်။ မြန်မာနိုင်ငံ အနေဖြင့် တရုတ်နိုင်ငံ တစ်နိုင်ငံတည်းမူဝါဒကို အစဉ်အမြဲထောက်ခံခဲ့ပြီး ထိုင်ဝမ်ကျွန်းအား တရုတ်နိုင်ငံ၏ မည်သို့မျှ ခွဲခြား၍မရသည့် အစိတ်အပိုင်းတစ်ခုအဖြစ် အမြဲတမ်းခံယူထားသည်။

ထို့ကြောင့်ပင် နှစ်နိုင်ငံ နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ပေါ်လျက်ရှိသကဲ့သို့ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဖော်ဆောင်မှုများလည်း တိုးမြှင့်ဆောင်ရွက်နိုင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ သွားရောက်ခဲ့ သည့် ခရီးစဉ်သည် မြန်မာနှင့်တရုတ် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေပြီး နှစ်နိုင်ငံစီးပွားကုန်သွယ်မှုနှင့် အကျိုးတူ လုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်ရန် အခြေအနေကောင်းများ ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ။

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြံခင်းဘီလပ်မြေစက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၂ရက် နံနက် ၇ နာရီခွဲတွင် ပဲခူးတိုင်း ပန်းတောင်းမြို့နယ်ရှိ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ဩောင်ကိုင်းကားလမ်းကူး ရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်နှင့် နတ်မောက်ကားလမ်းကူးရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းခွင်များသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိပြီး ကားလမ်းကူး ရထားလမ်းဖောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။**

ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်း အရှည် ၃၅ မိုင်အနက် သံလမ်းအကြမ်းခင်းခြင်း ၁၆မိုင်နှင့် သံလမ်းအချောခင်းခြင်း (၁၄)မိုင်ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်ကြာအင်းလေးကျေးရွာအနီးသို့ရောက်ရှိ၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ လိုက်ပါလျက် ကြံခင်းမြို့ရှိ ကြံခင်းဘီလပ်မြေစက်ရုံကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် ကြံခင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ကြံခင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် မြန်အောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်လည်းကောင်း၊မြန်အောင်ရေနံမြေ၌ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံသည်။

ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့သည် အောက်တိုဘာ ၂၃ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့ရှိ မြန်အောင်ရေနံမြေသို့ ရောက်ရှိ၍ ရေနံတွင်းအမှတ်(၁၃၀) ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ပြည်တော်သာကျေးရွာ တောင်သူဦးလှရွှေ၏ ငရုတ်ကောင်းစံပြစိုက်ကွင်းကို လည်းကောင်း၊ မြန်အောင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် အင်္ဂပူမြို့နယ် တပ်ကုန်း ကျေးရွာအနီးရှိ ကညင်ရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရေပိုလွှဲတည်ဆောက်နေမှုကုန်းကျောတမံနှင့် ရေစီမံ့တား ကွန်ကရစ်နံရံတို့ တည်ဆောက်ပြီးစီးမှုနှင့် ပင်မတမံ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကညင်ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံ တည်ဆောက်ပြီးစီးသွားပါက စိုက်ပျိုးရေပေးဝေနိုင်မည့် ဧရိယာမှာ ဧက ၂၅၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် အင်္ဂပူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံပြီး အင်္ဂပူ-လေးမျက်နှာ ကားလမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လေးမျက်နှာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည်လေးမျက်နှာ-အိုင်သပြု-ဟင်္သာတ ကားလမ်းတစ်လျှောက်၌ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ ဟင်္သာတမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် အောက်တိုဘာ ၂၄**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ဌာန |
|---|---|
| (က) ဦးဌေးလွင် | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန |
| (ခ) ဦးမောင်မြင့် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ဂ) ဦးမြင့်ဌေး | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းစွမ်းအင်ဝန်ကြီးဌာန |
| (ဃ) ဦးမြသိန်း | ညွှန်ကြားရေးမှူးချုပ်<br>တရားရုံးချုပ်(မန္တလေး) |

## ချောက်ဂျီတီအိုင်ကျောင်းသားဟောင်းများ စုပေါင်းအလှူပွဲ

**ရန်ကုန် အောက်တိုဘာ ၂၄**

ချောက်ဂျီတီအိုင်ကျောင်းသားဟောင်းများ၏ စုပေါင်းအလှူဒါနပြုပွဲကို အောက်တိုဘာ ၂၆ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင်ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်း ဗဟန်း(၃)လမ်း မှတ်တိုင်အနီးရှိ အဘိဓမ္မာရတနာယရ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အလှူပွဲသို့ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် ကြွရောက်ကြရန်နှင့် လှူဒါန်းလိုများသည် ဦးမောင်မောင်အုန်းမြင့် ဖုန်း-၀၉-၅၀-၁၅၆၇၈၊ ဦးကြည်ဝင်း ဖုန်း-၀၁-၆၈၁၈၉၆၊ ဒေါ်ကြည်ကြည်ညွှန့် ဖုန်း-၀၉-၅၁-၈၃၀၈၁၊ ဦးခင်စိုး ဖုန်း-၀၉-၅၁-၁၆၄၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)





**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## ဖွံ့ဖြိုးဝေစည် လေးဝတီ ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော “ဖွံ့ဖြိုးဝေစည် လေးဝတီ” ရောင်စုံဓာတ်ပုံပြိုင်ပွဲကို နိုဝင်ဘာ၁၂ရက်(တန်ဆောင်တိုင်ပွဲတော်)တွင် စစ်တွေမြို့၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည် ၁၀လက်မ x ၁၂လက်မအရွယ်ရောင်စုံဓာတ်ပုံများကို ၂၀၀၈ခုနှစ် နိုဝင်ဘာ ၅ရက်နောက်ဆုံးထား၍ ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စစ်တွေမြို့သို့ ပေးပို့သွားကြရန်နှင့် အသေးစိတ်သိလိုပါက ဖုန်း-၀၄၃-၂၁၉၂၃သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အတည်ပြုချိန် ၃း၃၀

# စားနပ်ရိက္ခာဈေးနှုန်း မြင့်မားမှုကြောင့် ကမ္ဘာပေါ်တွင် ငတ်မွတ်ခေါင်းပါးသူဦးရေ တိုးပွားလျက်ရှိ

## စားနပ်ရိက္ခာရှားပါးမှုသည် ဆင်းရဲသူများကို အလွန်အမင်း ဆင်းရဲသူများဖြစ်စေရန် တွန်းပို့သည့်အကြောင်းတစ်ရပ်ဖြစ်လာ

☆ ရွှေဖုံးမှ

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ (၁၃)ကြိမ်မြောက် ကုလသမဂ္ဂညီလာခံမှ စတင်၍ အောင်မြင်မှု အရှိန်အဟုန်များ ရရှိနေပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များအား ရင်ဆိုင်ရေးနှင့် စပ်လျဉ်း၍ ကမ္ဘာသူကမ္ဘာသားများအနေဖြင့် ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်နေကြပြီဖြစ်သော်လည်း အဆိုပါ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များ လျော့ပါးစေရန်အတွက်မူ များစွာ ကြိုးပမ်းအားထုတ် စီမံဆောင်ရွက်ကြရဦးမည်ဖြစ်ပါသည်။ ၎င်း စီမံဆောင်ရွက်ချက်များသည် နိုင်ငံအသီးသီးက ရေရှည်စီးပွားရေးတိုးတက်မှု ရရှိစေရန် အလို့ငှာ ဆောင်ရွက်လျက်ရှိကြသည့် စီးပွားရေးဖွံ့ဖြိုးမှု လုပ်ငန်းများတွင် ထောက်ကူပံ့ပိုးမှုဖြစ်စေသင့်ပါသည်။

စားနပ်ရိက္ခာဈေးနှုန်းများ မြင့်မားမှုကြောင့် ကမ္ဘာပေါ်တွင် ငတ်မွတ်ခေါင်းပါးသူဦးရေ တိုးပွားလျက်ရှိကြောင်းကို အထူးသတိပြုမိပါသည်။ စားနပ်ရိက္ခာ ရှားပါးမှုသည် ဆင်းရဲသူများကို အလွန်အမင်း ဆင်းရဲသူများဖြစ်စေရန် တွန်းပို့သည့် အကြောင်းအချက်တစ်ရပ် ဖြစ်လာပါသည်။ စားနပ်ရိက္ခာ ဈေးနှုန်းမြင့်မားမှုဒဏ်ကို ပိုမိုခံစားရသည့်နိုင်ငံများမှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သောကြောင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် အဖွဲ့ကြီး၏ လမ်းညွှန်မှုကိုခံယူကာ စားနပ်ရိက္ခာ အကျပ်အတည်းပြဿနာကို လက်တွဲဖြေရှင်းသင့်ပါသည်။

ယနေ့ကာလတွင် စွမ်းအင်သည် နိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်ကိစ္စတစ်ရပ် ဖြစ်လာပါသည်။ ကမ္ဘာတစ်လွှားရှိ စက်မှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် သမားရိုးကျရုပ်ကြွင်းလောင်စာကိုသာ အားထားရန်မဖြစ်နိုင်တော့သည့်အချက်သည် ကမ္ဘာ့စွမ်းအင်လုံခြုံရေးအတွက် အခြားအစားထိုး စွမ်းအင်အရင်းအမြစ်များ ရှာဖွေရေးကြိုးပမ်းမှုတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် တွန်းအားပေးသကဲ့သို့ ဖြစ်စေပါသည်။

ကမ္ဘာကြီးအနေဖြင့် လက်ရှိစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာမှာ ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက် ကတိကဝတ်ပြုမှုများကို ပြည့်မီအောင် ဆောင်ရွက်ရန်အချက်မှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွက် လွန်စွာအရေးကြီးပါသည်။ ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ အကောင် အထည်ဖော်ရမည့် သတ်မှတ်ကာလ၏ ထက်ဝက်ကိုရောက်ရှိနေပြီဖြစ်သည်။ ယခုအချိန်မှာ ရည်မှန်းချက် တစ်ရပ်ချင်းစီအနေဖြင့်လည်းကောင်း၊ ဒေသများအကြားတွင်လည်းကောင်း တိုးတက်မှု မညီမျှသည်ကို တွေ့ရှိနေရပါသည်။ ယင်းကဲ့သို့ တိုးတက်မှုနှုန်းများ မညီမျှဖြစ်နေသည့်အခြေအနေကို ကုစားရန်မှာ ဖွံ့ဖြိုးရေးအတွက် ကမ္ဘာလုံးဆိုင်ရာ တွဲဖက်ဆောင်ရွက်မှုသည် အရေးအကြီးဆုံးနှင့် အဓိကအကျဆုံး နည်းလမ်းပင်ဖြစ်ပါသည်။

၂၀၁၅ခုနှစ်တွင် အလွန်အမင်းဆင်းရဲနွမ်းပါးသူဦးရေ ထက်ဝက်လျှော့ချနိုင်ရေး ကမ္ဘာ့ရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရာ၌ ကုလသမဂ္ဂအနေဖြင့် အောင်မြင်မှုများရရှိနေသည်ကို ကျွန်ုပ်တို့ ဂုဏ်ပြုကြိုဆိုကြရပါမည်။ ယင်းကဲ့သို့ရရှိပြီးသော အောင်မြင်မှုများကိုအခြေခံ၍ ဆက်လက်အောင်မြင်တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့်လည်း ပါဝင်ဆောင်ရွက်နိုင်မည်ဟု ခံယူပါသည်။ အဖွဲ့ဝင်နိုင်ငံများအကြား ညီညွတ်စွာဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ပိုမို၍ ကြောင်းကျိုးဆီလျော်ညီညွတ်မှုရှိကာ အားသစ်လောင်းစေနိုင်သည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပေးရန် လိုအပ်နေပြီဖြစ်ပါသည်။

နိုင်ငံတကာနယ်ပယ်တွင် ကိုယ်စားပြုမှု အကြီးမားဆုံး အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ကုလသမဂ္ဂ အဖွဲ့ကြီးသည် ကမ္ဘာပေါ်တွင် လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် (၆၃)နှစ်မြောက် ကမ္ဘာ့ကုလသမဂ္ဂနေ့အခါသမယတွင် ကျွန်ုပ်တို့သည် ကုလသမဂ္ဂအဖွဲ့ကြီးအပေါ်ထားရှိသည့် တူညီသော ကတိကဝတ်များကို ထပ်လောင်းအတည်ပြုပြီး အဖွဲ့ကြီးအနေဖြင့် လူသားကောင်းကျိုးအတွက် မြင့်မြတ်သောလုပ်ငန်းများကို သယ်ပိုးထမ်းဆောင်ရာမှာ အောင်မြင်မှုများ ပိုမိုရရှိစေရန် ဆုတောင်းလိုက်ပါသည်။

# ပိုမိုလုံခြုံစိတ်ချရ၍ လူများပိုမိုကျန်းမာရွှင်လန်းပြီး ပိုမိုကြွယ်ဝချမ်းသာမည့် ကမ္ဘာကြီး ပေါ်ထွန်းလာစေရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ရလဒ်ကောင်းများဖော်ဆောင်

### ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ ကုလသမဂ္ဂနေ့ အထိမ်းအမှတ်သဝဏ်လွှာ

### (၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

ကုလသမဂ္ဂအဖွဲ့ကြီး၏ (၆၃)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ မိမိအနေဖြင့် ကမ္ဘာသူကမ္ဘာသားများနှင့်အတူ ကုလသမဂ္ဂနေ့ အထိမ်းအမှတ် ကျင်းပရာတွင် ပါဝင်ဆင်နွှဲပါသည်။

ယခုနှစ်သည် ကုလသမဂ္ဂသက်တမ်းတွင် အရေးကြီးသောနှစ်ဖြစ်ပါသည်။ ၂၁ရာစု၌ ပိုမိုကောင်းမွန်သော ကမ္ဘာကြီး တည်ဆောက်ရေးမျှော်မှန်းချက်ဖြစ်သည့် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များကို ကျွန်ုပ်တို့အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ခရီးတစ်ဝက်ကို ကျော်လွန်ဖြတ်သန်းခဲ့ပြီဖြစ်ပါသည်။ ၂၁ရာစုတွင် ဖြစ်ပေါ်လျက်ရှိသည့် ခြိမ်းခြောက်မှုများသည် မည်သူ့ကိုမျှ အလွတ်ပေးလိမ့်မည်မဟုတ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် ယခင်ကထက်ပို၍ ထင်ရှားစွာမြင်တွေ့နေရပါသည်။ ရာသီဥတုပြောင်းလဲမှု၊ ရောဂါဘယ ကူးစက်ပြန့်ပွားမှု၊ လူအများသေကျေပျက်စီးနိုင်သည့် လက်နက်များပြန့်ပွားမှုနှင့် အကြမ်းဖက်တိုက်ခိုက်မှု စသည့် အန္တရာယ်တို့သည် နိုင်ငံအသီးသီး၏ နယ်နိမိတ်များကို ဖြတ်ကျော်ဖြစ်ပွားလျက်ရှိနေပါသည်။ ကျွန်ုပ်တို့သည် ကမ္ဘာနှင့်အဝန်းအများကောင်းကျိုးကို တိုးတက်မြင့်မားစေလိုပါလျှင် အများပြည်သူတို့၏ အကျိုးကို ထိန်းသိမ်းစောင့်ရှောက်ရပါမည်။

၂၀၁၅ခုနှစ်ကို ရည်မှန်းသတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက် များ အကောင်အထည်ဖော် ဆောင်ရွက်ရေးတွင် နိုင်ငံအများအပြားသည် ချမှတ်ထားသော လမ်းကြောင်းပေါ် မရောက်ရှိကြသေးကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်နေသော ငွေကြေးအကျပ် အတည်း၏ ဆိုးကျိုးနှင့် ပတ်သက်၍လည်း မိမိအနေဖြင့် လွန်စွာမှ စိုးရိမ်မကင်းဖြစ်ရပါသည်။ ဦးဆောင်မှုနှင့် လက်တွဲဆောင်ရွက်မှု စသည့်အချက်နှစ်ရပ်မှာ ယခုအချိန်အခါလောက် မည်သည့်အချိန်မှ အရေးပါအရာမရောက်ခဲ့ဖူးပါ။

ကျွန်ုပ်တို့အနေဖြင့် စက်တင်ဘာလတွင် ထောင်စုရည်မှန်းချက်များနှင့် စပ်လျဉ်းသည့် အဆင့်မြင့်ဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းသည် ထူးခြားချက်တစ်ရပ်ဟု ဆိုရပါမည်။ တိုးတက်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရန်အလို့ငှာ အစိုးရများ၊ စီးပွားရေးလုပ်ငန်းကြီးများကို ဦးဆောင်ဦးရွက်ပြုသူများနှင့် လူမှုအဖွဲ့အစည်းများကို တစ်စုတစ်စည်းတည်း ပေါင်းစည်းတွေ့ဆုံနိုင်စေခဲ့ပါသည်။ ကမ္ဘာပေါ်ရှိ ဆင်းရဲနွမ်းပါးသူများအား အကူအညီပေးရန် ကတိကဝတ်ပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကိစ္စရပ်များတွင် ယခင်က မကြုံဖူးလောက်အောင်ပင် ထူးကဲစွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

စုစုပေါင်း မည်၍မည်မျှရရှိမည်ကို မသိရသေးသော်လည်း ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲ၌ ကတိကဝတ်ပြုကြသည့် ငွေကြေးပမာဏသည် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ ကျော်ခဲ့ပါသည်။

အတူတကွ လက်တွဲဆောင်ရွက်ခြင်းသည် အနာဂတ်အတွက် ဆောင်ရွက်ရမည့် နည်းလမ်းဖြစ်ပါသည်။ ကမ္ဘာနှင့်အဝန်း ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း အောင်မြင်တိုးတက်မှုသည် သာဓကတစ်ရပ်ဖြစ်ပါ သည်။ စက္ကန့် ၃၀တိုင်းတွင် ကလေးငယ်တစ်ဦး သေဆုံးစေသည့် ဤရောဂါဆိုးကို ကမ္ဘာနှင့်အဝန်း စုပေါင်းကြိုးပမ်းမှုဖြင့် ဟန့်တားနိုင်ခဲ့ပါပြီ။ ငွေကြေး ပိုမိုအကုန်အကျခံမှု၊ ကမ္ဘာနှင့်အဝန်း ညှိနှိုင်းစီမံဆောင်ရွက်မှုနှင့် သိပ္ပံနှင့်နည်းပညာတိုးတက်မှုတို့ဖြင့် နိုင်ငံအသီးသီးတွင် စီမံကိန်းများချမှတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ပါသည်။

ပေါ့ဇ်နန်နှင့် ကိုပင်ဟေဂင်အစည်းအဝေးများ ကျင်းပရန်အချိန် နီးကပ်လာသည်နှင့်အမျှ ရာသီဥတုပြောင်းလဲမှုကိစ္စအပါအဝင် အခြားစိန်ခေါ်မှု များကို ဖြေရှင်းဆောင်ရွက်ရာ၌ အဆိုပါ နည်းနိဿယကို စံနမူနာအဖြစ် ယူရပါမည်။ အခြားသော ထောင်စုနှစ် ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်အတွက်လည်း အဆိုပါနည်းနိဿယများကိုပင် စံနမူနာ ယူရမည်ဖြစ်ပါသည်။

ဤအောင်မြင်မှုများကို အခြေခံ၍ ကမ္ဘာကြီးကို ပိုမိုတိုးတက်အောင် ဆက်လက်တည်ဆောက်သွားကြပါစို့။ အချိန်ကို အလဟဿ အဖြစ်မခံနိုင်တော့ပါ။ ပိုမိုလုံခြုံစိတ်ချရ၍ လူများပိုမိုကျန်းမာ ရွှင်လန်းပြီး ပိုမိုကြွယ်ဝချမ်းသာမည့် ကမ္ဘာကြီး ပေါ်ထွန်းလာစေရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီး အနေဖြင့် ရလဒ်ကောင်းများဖော်ဆောင်ပေးရပါမည်။ ဤကုလသမဂ္ဂနေ့ အခါသမယတွင် ခေါင်းဆောင်များနှင့် လက်တွဲဆောင်ရွက်ကြသူ အပေါင်းတို့သည် မိမိတို့ ကတိကဝတ်ပြုထားသည့်အတိုင်း ဆောင်ရွက်ရမည့် အခန်းကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၁၀-၂၀၀၈ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်း သာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၂၀ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News.
၈း၄၀ ၉။ အကပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်းပြည်တွင်းသတင်း
၁၂း၁၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၄၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေမေ့ မေတ္တာကုဋေ ကုဋာ" (အပိုင်း-၁၅)**
၁း၂၅ ၆။ ဆန်းကြယ်ထူးရှားပြိုင်ပွဲများ (Telematch)
၂း၁၀ ၇။ Growing up in Adverse Situations
၂း၄၅ ၈။ International News.
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ- တတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၄း၄၅ ၅။ မိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၆။ တေးဂီတအစီအစဉ်
၅း၀၀ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
၅း၂၀ ၈။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅း၃၀ ၉။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ အလှရှာမယ်၊လှကမ္ဘာဝယ်
၇း၀၀ ၁၃။ အကပြိုင်ပွဲ
၇း၁၀ ၁၄။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "သံယောဇဉ်နှောင်ကြိုး" (အပိုင်း-၇)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စစ်ရှာဖွေခြင်း" (အပိုင်း-၁)**
၂၀။ အစီအစဉ်ပြီး၏။

## ဆောက်လုပ်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးနှင့် စီမံခန့်ခွဲမှုစွမ်းရည်မြင့်မားစေရန် ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် စင်ကာပူနိုင်ငံ TMC Educational Group တို့ ပူးပေါင်းကျင်းပသော "Emotional Intelligence in Construction Industry" ဆွေးနွေးဟောပြောပွဲကို ရန်ကုန်မြို့ တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ နိုဝင်ဘာ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် "Emotional Intelligence in Construction Industry" ခေါင်းစဉ်ဖြင့် ဩစတြေးလျနိုင်ငံ University of Newcastle ၏ Archit ecture and Built Environment ဌာနမှ Dr. Michael Makက ဆွေးနွေးဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆိုမြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံသို့ တက်ရောက်နိုင်သည်။

မြန်မာ့ဆောက်လုပ်ရေးလုပ်ငန်းများ ပိုမို တိုးတက် အောင်မြင်စေရန်နှင့် မြို့ပြအဆောက်အအုံနှင့် ဗိသုကာ အင်ဂျင်နီယာများစီမံခန့်ခွဲမှု စွမ်းရည်မြင့်မားလာစေရန်အတွက် ရည်ရွယ်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ယင်းဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

## ကျောက်ဖြူမြို့မအလယ်တန်းကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ မြို့မ အမှတ်(၂) အလယ်တန်းကျောင်းမှ ၁၉၈၂-၁၉၉၄ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ ကိုအောင်ကျော်မင်း ဖုန်း-၀၉၅၁၂၅၇၂၆၊ ကိုချိုမင်း ဖုန်း-၀၉၅၀၄၅၈၃၇၊ ကိုအောင်ရဲဇော် ဖုန်း-၀၉၅၁၉၉၀၇၆၊ ကိုဇော်မျိုးသက် ဖုန်း-၀၉၅၁၃၈၉၈၃၊ မယုန္တယ်အေး(ခ)ပိုးပိုး ဖုန်း-၀၉၅၁၄၉၂၁၃၊ မနီနီမြင့် ဖုန်း-၀၉၅၀၅၁၉၀၈၊ ကိုသန့်ထူးဇင်(ခ) ကိုခဲ ဖုန်း-၇၀၆၅၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

# အီရတ်ဝန်ကြီးယာဉ်တန်းအား အသေခံပုံးဖြင့် တိုက်ခိုက် ၁၁ ဦး သေဆုံးပြီး ၂၂ ဦး ဒဏ်ရာရရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၂၄**

အီရတ်နိုင်ငံ အလုပ်သမားဝန်ကြီး၏ ယာဉ်တန်းအား ပစ်မှတ်ထားပြီး အောက်တိုဘာ ၂၃ရက် နံနက်ပိုင်းက အသေခံ ကားပုံးဖြင့် တိုက်ခိုက်မှုကြောင့် ၁၁ ဦး သေဆုံးပြီး ၂၂ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့လယ်ရှိ ဘတ်အယ်လ်ဆာဂျီဒေသတွင် အလုပ်သမားဝန်ကြီး မာမွတ်ဂျာဝက်အယ်လ်ရက်ဟီ၏ ယာဉ်တန်းအား အသေခံကားပုံးဖြင့် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဝန်ကြီး၏ သက်တော်စောင့်သုံးဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားသည်။

ဗုံးပေါက်ကွဲမှု ပြင်းထန်သည့်အတွက် ယာဉ်တန်းမှ ကားနှစ်စီးနှင့် ရဲကားတစ်စီး၊ အရပ်သားကား သုံးစီးတို့လည်း ပျက်စီးခဲ့ကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားသည်။

တိုက်ခိုက်မှုဖြစ်ပွားစဉ် ယာဉ်တန်း၌ ဝန်ကြီးမပါရှိကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***



နိုင်ငံတကာသတင်းများ

## အီရတ်အနောက်ပိုင်းတွင် အသတ်ခံရသူ လူ ၃၄ ဦး၏ အလောင်းများ တွေ့ရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၂၄**

အီရတ်နိုင်ငံ အင်ဘာပြည်နယ် သဲကန္တာရရှိ သချိုင်းမြေတစ်ခုအတွင်းမှ အရိုးကျနေပြီဖြစ်သည့် သတ်ဖြတ်ခံထားရသူ အနည်းဆုံး ၃၄ ဦးတို့၏ ရုပ်အလောင်းများအား အောက်တိုဘာ ၂၂ ရက်က တွေ့ရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ ဆီးရီးယားနယ်စပ်အနီးရှိ အယ်လ်ကွမ်မြို့အနီး အက်ကာရှာအက်ဒေသမှ သချိုင်းမြေတစ်ခုအတွင်း၌ မြေမြှုပ်ထားခဲ့သည့် အလောင်း ၃၄ လောင်းထက်မနည်းကို တူးဖော်တွေ့ရှိခဲ့သည်ဟုဆိုသည်။ အဆိုပါအလောင်းများကို ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံလူမျိုးစုများက ပူးပေါင်းတူးဖော် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းတို့သည် ၂၀၀၆ ခုနှစ်အတွင်းက အယ်လ်ခိုင်ဒါတို့၏ ပြန်ပေးဆွဲသတ်ဖြတ်မှုကို ခံခဲ့ကြရသူများဖြစ်သည်ဟု ယူဆရသည်။ ***အင်တာနက်။***

## အီရတ်-အာဖဂန်နစ္စတန်သတင်းများ



**အီရတ်နိုင်ငံ ဆိုဂျာအရပ်ရှိ ဈေးတစ်ခုအတွင်း မီးလောင်ပေါက်ကွဲပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အာဖဂန်၌ စစ်သွေးကြွ ၁၃ဦး သေကျေဒဏ်ရာရ

**ကဘူး အောက်တိုဘာ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘက်ဂဟာစ်ပြည်နယ်တွင် အောက်တိုဘာ ၂၂ ရက်က နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)ထောက်ခံသည့် အာဖဂန်အမျိုးသားတပ်ဖွဲ့(အေအင်န်အေ) ၏ တိုက်ခိုက်မှုကြောင့် စစ်သွေးကြွခုနစ်ဦး သေဆုံးပြီး ခြောက်ဦးကျော် ဒဏ်ရာရရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘက်ဂဟာစ်ပြည်နယ် ကွာလေအိုင်နော်ခရိုင်နှင့် ဂွာမက်ချ်ခရိုင်အကြား အေအင်န်အေတပ်ဖွဲ့များကင်းလှည့်စဉ် စစ်သွေးကြွများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အိုင်အက်စ်အေအက်ဖ်က လေကြောင်းမှ ကူညီတိုက်ခိုက်မှုကြောင့် စစ်သွေးကြွများ သေဆုံးခဲ့ခြင်းဖြစ်သည်။

အလားတူ အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းတွင် အောက်တိုဘာ ၂၂ ရက်က လမ်းဘေးပုံး ပေါက်ကွဲခြင်းကြောင့် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့ဝင် သုံးဦး သေဆုံးကြောင်း နိုင်ငံစုံတပ်ဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။ ***အင်တာနက်။***

## အာဖဂန်နစ္စတန်၌ လမ်းဘေးပုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

**ကဘူး အောက်တိုဘာ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းတွင် အောက်တိုဘာ ၂၂ ရက်က လမ်းဘေးပုံး ပေါက်ကွဲမှုကြောင့် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း စစ်ဘက်သတင်းက ဖော်ပြသည်။

အခင်းဖြစ်ပွားသည့်နေရာကို နိုင်ငံစုံတပ်ဖွဲ့များ စောင့်ကြပ်လျက်ရှိပြီး ဗုံးပေါက်ကွဲမှုဖြစ်ပွားရခြင်း အကြောင်းအရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ဗုံးပေါက်ကွဲမှုကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင် သေဆုံး

**ကန်ဒါဟာ အောက်တိုဘာ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် အောက်တိုဘာ ၂၃ ရက်က ရဲကားအနီး၌ ပေါက်ကွဲစေသည့် ပစ္စည်းတင်ဆောင်ထားသော မြည်းတစ်ကောင်မှ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့သတင်းတွင် ဖော်ပြထားသည်။

ဖြစ်ပွားပုံမှာ မြည်းတစ်ကောင်တွင် ပေါက်ကွဲစေသော ပစ္စည်းများတင်ဆောင်ကာ မီတာ ၅၀ အကွာရှိ ပန်းခြံတစ်ခုမှ အဝေးထိန်းခလုတ်ဖြင့် ဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သည်ဟု ယူဆရသူတစ်ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။ ***အင်တာနက်။***

**အိန္ဒိယနှင့် ပါကစ္စတန် နယ်စပ် ကက်ရှ်မီးယားဒေသ ကာမင်နယ်စပ် စခန်းတွင် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်း ဖွင့်ပွဲ ကျင်းပနေသည်ကို အောက်တိုဘာ ၂၁ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*




## ဂျပန်တွင် ဒေါ်လာနှစ်သန်း ထီပေါက်သူအမျိုးသမီး အသတ်ခံရ

**တိုကျို အောက်တိုဘာ ၂၄**

ဂျပန်နိုင်ငံရဲတပ်ဖွဲ့သည် အမျိုးသားတစ်ဦးကို ဒေါ်လာနှစ်သန်း ထီပေါက်သော အမျိုးသမီးတစ်ဦးအား လုပ်ကြံသတ်ဖြတ်သည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

သတင်းစာပို့သမား ဂျီနီရှီကူမာဂိုင် (၅၁)နှစ်က ဟီဆာကိုယိုရှီဒါအား သတ်သည်ဟူသည့် စွပ်စွဲချက်ဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။ အချို့သော သတင်းစာများက ၎င်းတို့နှစ်ဦးသည် မေတ္တာမျှနေသည်ဟု ရေးသားကြသည်။

ယိုရှီဒါသည် မပျောက်ဆုံးမီကလေးတွင် ထီဆုမှ ယန်းငွေ သန်း၂၀၀ (အမေရိကန်ဒေါ်လာ ၂ဒသမ၀၅သန်း) ပေါက်ခဲ့သည်ဟုဆိုသည်။ ယင်းငွေများကုန်သွားပြီဟု အများက ထင်မြင်ယူဆကြသည်။

သူမသည် ၂၀၀၅ ခုနှစ်က ကားအသစ်တစ်စီး မှာပြီးနောက် ပျောက်ဆုံးသွားခြင်းဖြစ်သည်ဟု စပို့စ်နီပွန်သတင်းစာက ရေးသားသည်။

ကူမာဂိုင်၏နေအိမ်ဟောင်းမှ အဆိုပါသေဆုံးသူ ယိုရှီဒါ၏ ဘဏ်စာအုပ်ကို တွေ့ရသောအခါ ၎င်းအပေါ်တွင် ရဲတပ်ဖွဲ့က သံသယများ ကြီးထွားလာသည်ဟုဆိုသည်။ ကူမာဂိုင်သည် ရဲတပ်ဖွဲ့ထံတွင် ဖြောင့်ချက်ပေးပြီး အလောင်းရှိရာနေရာကို လိုက်လံပြသခဲ့သည်ဟုဆိုသည်။ ယိုရှီဒါ၏ ရုပ်အလောင်းကို ဗုဒ္ဓဟူးနေ့က တွေ့ရှိခဲ့ရသည်။ ယိုရှီဒါသည် သေဆုံးချိန်က အသက် (၄၂)နှစ်သာရှိသေးသည်။ ***အင်တာနက်။***

**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့၌ အဝေးထိန်းဗုံးဖြင့် တိုက်ခိုက်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



## အကြမ်းဖက်ဝါဒ ပူးပေါင်းတိုက်ဖျက်ရန် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန် သဘောတူ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၄**

ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် အကြမ်းဖက်ဝါဒအား ပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းကို တိုးမြှင့်ရန်နှင့် ဒေသတွင်း ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန် ဗုဒ္ဓဟူးနေ့က သဘောတူညီကြသည်။

လက်နက်ချ အလင်းဝင်လာသော သောင်းကျန်းသူများနှင့်သာ ဆွေးနွေးကြမည်ဟု နှစ်နိုင်ငံစလုံးက ပြောကြားသည်။

၎င်းတို့နှစ်နိုင်ငံသည် အတိတ်က ယာယီပြဿနာများကို ကျော်လွှန်နိုင်ခဲ့ပြီဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေး ဝန်ကြီး ရှားမာမွတ်ကူရာရှီက အာဖဂန်နိုင်ငံခြားရေးဝန်ကြီး ရန်ဂျင်ဒက်ဖာစပန်တာနှင့် ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခြင်းဖြစ်သည်။

ယခုအခါတွင် နှစ်နိုင်ငံ အပြန်အလှန် နားလည်မှုနှင့် ညှိနှိုင်းလုပ်ဆောင်မှုတွင် အခြေအနေ အလွန်ကောင်းမွန်လျက်ရှိကြောင်း ကူရာရှီက ပြောကြားသည်။ ကီလိုမီတာ ၂၄၀၀ မျှ နယ်စပ်ခြင်းထိစပ်လျက်ရှိသော ထိုနှစ်နိုင်ငံ၏ ဆက်ဆံရေးသည် အာဖဂန်နစ္စတန်နိုင်ငံက အာဖဂန်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါကစ္စတန်ထောက်လှမ်းရေးများ ပါဝင်နေသည်ဟု စွပ်စွဲသဖြင့် ခပ်တန်းတန်း ဖြစ်ခဲ့ကြရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ဆလိုဗေးနီးယားနိုင်ငံတွင် ဒေါင့်သန်းရောဂါ ဖြစ်ပွားလျက်ရှိ

**ဘဲလ်ဂရိတ် အောက်တိုဘာ ၂၄**

ဆလိုဗေးနီးယားနိုင်ငံအရှေ့ပိုင်း မွေးမြူရေးခြံတစ်ခြံရှိ နွားလေးကောင်တွင် ဒေါင့်သန်းရောဂါဖြစ်ပွားသည်ကို တွေ့ရပြီးနောက်ပိုင်း ရက်အတန်ကြာတွင် ထိုရောဂါအသစ် ထပ်မံဖြစ်ပွားနေသည်ကို တွေ့ရကြောင်း ယင်းနိုင်ငံရှိ မွေးမြူရေးနှင့် တိရစ္ဆာန်ဆေးကုဌာနက အောက်တိုဘာ ၂၂ ရက်တွင် ပြောကြားသည်။ ထိုရောဂါဖြစ်ပွားနေသည်ကို သိရပြီးနောက်ပိုင်း မာရီဘိုဒေသ၏ အနောက်တောင်ပိုင်း ကီလိုမီတာ ၃၀ အကွာရှိ ကမ်နာဂိုရာ မွေးမြူရေးခြံများမှ နွားများကို ရွှေ့ပြောင်းခြင်း၊ သတ်ဖြတ်ခြင်း၊ နွားစာများကို ရွှေ့ပြောင်းခြင်းနှင့် နွားချေးများကို စားကျက်အတွင်း ပျံ့နှံ့ခြင်းမရှိစေရန် ကန့်သတ်မှုများ ပြုလုပ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအမှူးပြုသော သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**✳ ကျောဖုံးမှ**

ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ အနာဂတ်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးကို ဆက်လက်ထောက်ခံသွားမည်ဟု ပြောကြားလိုကြောင်း။

ယခုကဲ့သို့ အခွင့်ကြုံခိုက် မြန်မာနိုင်ငံတွင် မကြာသေးမီက ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ပြောကြားလိုကြောင်း၊ မိမိတို့အနေဖြင့် လွန်ခဲ့သည့်ကာလများအတွင်းတွင် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော် တည်ဆောက်ရေးလုပ်ငန်း၌ သိသာထင်ရှားသည့် အောင်မြင်တိုးတက်မှုများရရှိနေကြောင်း၊ ယခင်နှစ် စက်တင်ဘာလအတွင်းက နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးအဆင့်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပပြီးသည့်နောက် ၂၀၀၈ ခုနှစ် မေလတွင် အခြေခံဥပဒေမူကြမ်းကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပဉ္စမအဆင့်ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပနိုင်ရန်အတွက် လမ်းခင်းပေးလိုက်သည့် သဘောဆောင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတမှုရှိသည့် ရွေးကောက်ပွဲဖြစ်စေရန် မလျှော့သော အားထုတ်ကြိုးပမ်းမှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ဤနေရာတွင် ကုလသမဂ္ဂ၏လုပ်ငန်းရပ်များနှင့်စပ်လျဉ်း၍ အနည်းငယ်ပြောကြားလိုကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုကြီးများအနက် တစ်ရပ်မှာ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရေးဖြစ်ကြောင်း၊ ယခုဆိုလျှင် ၂၀၁၅ခုနှစ်တွင် ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရည်မှန်းချက်၏ ခရီးတစ်ဝက်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ အပါအဝင် နိုင်ငံတကာသဘောတူထားသည့် ဖွံ့ဖြိုးရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများကို အကူအညီပေးရန်ရှိသည့် ကတိကဝတ်များဖြည့်ဆည်းရေး၌ လိုအပ်ချက်များစွာ ရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ အကောင်အထည်ဖော်ရေးနှင့် ပြည်သူအပေါင်း၏ လူနေမှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရာတွင် မိမိတို့မြန်မာနိုင်ငံသည် ပြည်တွင်းအရင်းအမြစ်များကို အခြေခံပြီး ကြိုးပမ်းဆောင်ရွက်နေသည်ကို ထည့်သွင်းပြောကြားလိုကြောင်း။

လက်ရှိမြန်မာနိုင်ငံတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပါအဝင် ကုလသမဂ္ဂအေဂျင်စီရုံးများ ဖွင့်လှစ်ထားရှိကြောင်း၊ ဤကုလသမဂ္ဂရုံးများအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကူညီဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံနှင့် ဤအေဂျင်စီများ၏ပူးပေါင်းဆောင်ရွက်မှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုများ ရရှိနေကြောင်း။

ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဤသို့သောစိတ်ဓာတ်အခြေခံဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ နယ်ပယ်အများအပြားတွင် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၏ဆန္ဒသဘောမှန်ကို ကုလသမဂ္ဂ အကြီးတန်း အရာရှိကြီးများ မြန်မာနိုင်ငံသို့ လာရောက်ပြီးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ခြင်းအားဖြင့်သိရှိနိုင်ကြောင်း၊ ယခုနှစ်အတွင်းမှာ ကုလသမဂ္ဂ အကြီးတန်းအရာရှိများစွာသည် မြန်မာနိုင်ငံကို လာရောက်ခဲ့ကြကြောင်း၊ ၎င်းတို့အနက် ၂၀၀၈ ခုနှစ် မေလတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်း မြန်မာနိုင်ငံကိုလာရောက်နိုင်မှုအပေါ် မိမိတို့ ဂုဏ်ယူပါကြောင်း ပြောကြားလိုကြောင်း၊ ထို့အပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်ဖြစ်သည့် ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် မစ္စတာအီဘရာဟင်ဂမ်ဘာရီ၊ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များနှင့် အရေးပေါ်အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးဖြစ်သူ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဂျွန်ဟုမ်းစ်၊




**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဖတ်ကြားစဉ်။** (သတင်းစဉ်)

အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူးဖြစ်သူ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် ဒေါက်တာနိုလင်းဟေဇာနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာတိုမာ့(စ်)အိုဂျေးရားကွင်တားနားတို့ လာရောက်ခဲ့ကြကြောင်း။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကိစ္စနှင့်ပတ်သက်၍ ပြောကြားလိုကြောင်း၊ မကြာသေးမီ နှစ်များအတွင်းက ကမ္ဘာကြီးပူနွေးလာမှုကြောင့် အင်အားကြီးသည့် အပူပိုင်းမုန်တိုင်းများသည် ကမ္ဘာ့နေရာ တော်တော်များများတွင် ပြင်းထန်စွာ တိုက်ခတ်ခဲ့ကြောင်း၊ အားလုံး သိရှိပြီးဖြစ်သည့်အတိုင်း အလွန်အင်အားကြီးမားသည့် နာဂစ်မုန်တိုင်းသည် ယခုနှစ်မေလအတွင်း မြန်မာနိုင်ငံ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းများတွင် မကြုံစဖူး ပြင်းထန်စွာ တိုက်ခတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူများ၏ကြိုးပမ်းမှုနှင့် နိုင်ငံတကာ၏ အကူအညီပေးအပ်မှုတို့ကြောင့် မုန်တိုင်းဒဏ်ခံရသည့် ဒေသများက ပြည်သူအပေါင်း၏ လိုအပ်ချက်များကို လျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဤနေရာတွင် လိုအပ်သည့်ပစ္စည်းများနှင့်အကူအညီများကို အချိန်မီပေးအပ်ခဲ့သည့် ကုလသမဂ္ဂနှင့် ၎င်း၏အထူးအေဂျင်စီများ၊အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ အလှူရှင်နိုင်ငံများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တစ်ဦးချင်းအလှူရှင်များကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း ပြောကြားလိုပါကြောင်း။

ထို့အပြင် အာဆီယံဦးဆောင်ပြီး မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂနှင့် အာဆီယံတို့ ညှိနှိုင်းဆောင်ရွက်သည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မိမိတို့သည် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံအစိုးရ၊ ပြည်သူများ၊ တပ်မတော်၊ လူမှုရေးအဖွဲ့အစည်းများနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများသည် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏လုပ်ငန်းများ အောင်မြင်မှုအတွက် အားဖြည့်ပေးရာရောက်ကြောင်းကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြသည့် နေရာတွင် မြန်မာနိုင်ငံနှင့် နိုင်ငံတကာ အသိုက်အဝန်းအကြား ထိရောက်အောင်မြင်စွာ ပေါင်းစပ်ညှိနှိုင်းပေးနိုင်သည့်အတွက် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ကိုလည်း ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း ပြောကြားလိုကြောင်း၊ ဆက်လက်ပြီး ပြန်လည်ထူထောင်ရေး ရေရှည်စီမံကိန်းများကိုလည်း ချမှတ်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

တစ်ကမ္ဘာလုံး ယှက်နွယ်ဆက်စပ်မှုရှိနေသည့် ယခုလိုခေတ်ကာလတွင် ကမ္ဘာကြီးသည် ရွာတစ်ရွာကဲ့သို့ ဖြစ်လာပြီး ကွဲပြားခြားနားသည့် ပြဿနာများနှင့် စိုးရိမ်ဖွယ်စိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း၊ ကမ္ဘာကြီးရင်ဆိုင်နေရသည့် ဤစိန်ခေါ်မှုများကို ဖြေရှင်းသည့်နေရာတွင် မည်သည့်နိုင်ငံမှ တစ်ဦးတစ်ယောက်တည်း မရင်ဆိုင်မဖြေရှင်းနိုင်ကြောင်း၊ ထို့ကြောင့် ယင်းကိစ္စများကို ဖြေရှင်းဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့ကြီးက ဦးဆောင်ပြီး နိုင်ငံများ၏ ပေါင်းစုအားဖြင့်သာ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ဤကဲ့သို့ ပေါင်းစုအားဖြင့် ဆောင်ရွက်ရင်း လူသားကောင်းကျိုးအတွက် တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်းနှင့် ဆောင်ရွက်နိုင်သည့်အားလည်း ရှိပါကြောင်းကို ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့တွင် မိမိတို့သည် ကုလသမဂ္ဂအဖွဲ့ကြီးကိုလည်းကောင်း၊ ကုလသမဂ္ဂက လူသားများအတွက် ဆောင်ရွက်လျက်ရှိသည့် မြင့်မြတ်သောလုပ်ငန်းများကိုလည်းကောင်း အပြည့်အဝထောက်ခံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူက ဖတ်ကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် သဝဏ်လွှာကို ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာဘီရှီး ပါရာဂျူလီက ဖတ်ကြားသည်။

ယင်းနောက် ၂၀၀၈ ခုနှစ် (၆၃) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပခဲ့သည့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော် တပ်ကုန်းမှ အဋ္ဌမတန်းကျောင်းသား မောင်မျိုးအောင်မင်း၊ ဒုတိယဆုရရှိသော အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော်ပျဉ်းမနားမှ အဋ္ဌမတန်းကျောင်းသူ မမြချယ်ရီ၊ တတိယဆုရရှိသော အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော် ပျဉ်းမနားမှ နဝမတန်းကျောင်းသား မောင်စည်သူနှင့် အထူးဆု ရရှိသော အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော် လယ်ဝေးမှ အဋ္ဌမတန်းကျောင်းသား မောင်နန်းဦးတို့အား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ပျဉ်းမနားမှ သတ္တမတန်းကျောင်းသူ မရွှန်းလဲ့ကေခိုင်၊ ဒုတိယဆုရရှိသော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော် လယ်ဝေးမှ သတ္တမတန်းကျောင်းသူ မမေဖူးမွန်၊ တတိယဆုရရှိသော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနေပြည်တော်ပျဉ်းမနားမှ ဆဋ္ဌမတန်းကျောင်းသား မောင်ချမ်းဟိန်းနှင့် အထူးဆုရရှိသော အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း နေပြည်တော် တပ်ကုန်းမှ ဆဋ္ဌမတန်းကျောင်းသား မောင်အောင်မြင့်မြတ်တို့အား နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အခြေခံပညာမူလတန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော် တပ်ကုန်းမှ စတုတ္ထတန်းကျောင်းသူ မဖူးပြည့်စုံမောင်၊ ဒုတိယဆုရရှိသော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော် တပ်ကုန်းမှ စတုတ္ထတန်း ကျောင်းသူ မသီရိ၊ တတိယဆုရရှိသော အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော်ပျဉ်းမနားမှ စတုတ္ထတန်းကျောင်းသူ မအေမီမိုးနှင့် အထူးဆုရရှိသော အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော် တပ်ကုန်းမှ မစုစန္ဒီကျော်တို့အား ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာဘီရှီးပါရာဂျူလီက ဆုများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။




**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာဘီရှီး ပါရာဂျူလီ ဖတ်ကြားစဉ်။** (သတင်းစဉ်)

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးသည် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအမှူးပြုသော သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ (သတင်းစဉ်)

# ဘူရိဒတ်ဇာတ်တော်ကြီး

ဒေါက်တာခင်မောင်ညွှန့်

မြန်မာ့ရိုးရာယဉ်ကျေးမှုဇာတ်သဘင်သည် အဓိကအားဖြင့် မြတ်စွာဘုရား၏ ၅၅၀ နိပါတ်များနှင့် ဇာတ်တော်ကြီး ဆယ်ဘွဲ့မှ ရွေးချယ်တင်ဆက်သော သဘင်ဖြစ်သည်။ ထို့ကြောင့် ဇာတက - ဇာတ်ဟုတွင်သည်။ အခြားသမိုင်း၊ ပုံပြင်၊ ဘုရားသမိုင်း၊ သိုက်သမိုင်းများကိုလည်း အခါအားလျော်စွာ တင်ဆက်ကပြပါသည်။ ပြီးခဲ့သော ၁၅ နှစ်အတွင်းက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် တေမိ၊ မဟာဇနက၊ သုဝဏ္ဏသျှံ၊ မဟော်သဓာ၊ ဝိဓူရ၊ ဝေသန္တရာ၊ ကုသ၊ ဆဒ္ဒန်ဆင်မင်း၊ ရာမဇာတ်များကို လူကသောဇာတ်နှင့် ရုပ်သေးကသောဇာတ်များတွင် ယှဉ်ပြိုင်ကပြခဲ့ပြီးဖြစ်သည်။ ယခုနှစ် (၁၆)ကြိမ်မြောက်ပြိုင်ပွဲကြီးအတွက် ဘူရိဒတ်ဇာတ်ကြီးကို ရွေးချယ်ယှဉ်ပြိုင်ကြပါသည်။ ပါရမီဆယ်ပါးဖြည့်ခြင်းကို ဖော်ပြသော ဇာတ်ကြီးဆယ်ဘွဲ့အနက် သတ္တမမြောက် ဇာတ်တော်ကြီးဖြစ်သော ဘူရိဒတ်ဇာတ်တော်ကြီးကား သီလနှင့်ခန္တီပါရမီနှစ်ပါးကို ဖြည့်ဆည်းသော ဇာတ်တော်ဖြစ်သည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ဥပုသ်သီတင်းဆောက်တည်နေကြသော ဒါယကာတို့ကို အကြောင်းပြု၍ ဘူရိဒတ်နဂါးမင်းဘဝက သီလနှင့်ခန္တီပါရမီ ဖြည့်ဆည်းခဲ့ခြင်းအကြောင်းကို ဂေါတမမြတ်စွာ ဘုရားက ဂါထာပေါင်း ၂၉၈ ပုဒ်ဖြင့် ဟောကြားတော်မူခဲ့သည်။ ဇာတ်တော်၏ အကျဉ်းချုပ်မှာ ဤသို့တည်း။

ဘူရိဒတ်နဂါးမင်းသည် သိကြားမင်းစည်းစိမ်ကို တွေ့မြင်၍ တောင့်တမိသည်။ နတ်သိကြားဖြစ်လိုသောကြောင့် ဥပုသ်သီတင်းဆောက်တည်နေခဲ့သည်။ နဂါးပြည်တွင် အနှောင့်အယှက်များသောကြောင့် လူ့ပြည်သို့လာခဲ့ပြီး ဗာရာဏသီပြည်အနီး ယမုန်နာမြစ်ကမ်းဘေး၌ ဥပုသ်သီတင်းဆောက်တည်နေသည်။ နေသာဒပုဏ္ဏား မုဆိုးသားအဖသည် သမင်လိုက်ရင်း ထိုနေရာသို့ ရောက်လာကြသည်။ ဘူရိဒတ်နဂါးမင်းက မုဆိုးသားအဖတို့သည် သူရှိရာအရပ်သို့ အလမ္ပာယ်သမားအား ညွှန်ပြခဲ့သော် အနှောင့်အယှက်ဖြစ်မည်စိုး၍ မုဆိုးသားအဖအား နဂါးပြည်သို့ ခေါ်ဆောင်သွားကာ စည်းစိမ်ခံစားနေစေသည်။ သို့သော် မုဆိုးသားအဖ မပျော်ပိုက်သောကြောင့် လူ့ပြည်သို့ ပြန်ပို့ရသည်။ ဆုတောင်းတိုင်းပြည့်စေသော ပတ္တမြားကြီးကို ဘူရိဒတ်က နေသာဒမုဆိုးအားပေးရာ ရဟန်းဝတ်လို၍ လူ့ပြည်ပြန်ချင်ကြောင်း ပြောမိသော နေသာဒမုဆိုးသည် ပတ္တမြားကြီးကို လက်မခံဝံ့ချေ။

ရသေ့တစ်ပါးသည် သူ့အား ဂဠုန်မင်းက ပေးထားသည့်မြွေ၊ နဂါးတို့ကိုနိုင်သော မန္တန်တစ်ပုဒ်ကို ပုဏ္ဏားတစ်ဦးအား ပေးလိုက်သည်။ ထိုပုဏ္ဏားသည် လက်ခံပြီး အလမ္ပာယ်အဖြစ် အသက်မွေးရန် ဆုံးဖြတ်သည်။ ယမုန်နာမြစ်ကမ်းဘေးတွင် တောင့်တတိုင်း ပြည့်စေသော ပတ္တမြားကြီးကိုထားရစ်ပြီး နဂါးပျိုမကလေးများသည် မြစ်တွင်း၌ ရေကစား ပျော်ပါးနေကြသည်။ ပုဏ္ဏားက မန္တန်ကို ရွတ်လိုက်သောအခါ နဂါးပျိုမကလေးများ ကြောက်လန့်ထွက်ပြေးသွားကြရာ ပုဏ္ဏားသည် ပတ္တမြားကို ရလိုက်သည်။ နေသာဒပုဏ္ဏားမုဆိုးသားအဖတို့ ပုဏ္ဏားလက်ဝယ်တွင်ပတ္တမြားကိုမြင်သောအခါ ရလိုသောကြောင့်ရွှေတစ်ပိဿာနှင့်ဝယ်ရန် စကားကမ်းရာ ပုဏ္ဏားက မရောင်းလိုကြောင်း ငြင်းပယ်သည်။ ထိုအခါ နေသာဒက ဘူရိဒတ်နဂါးရှိသောနေရာကို လိုက်ပြမည်၊ ပတ္တမြားကိုပေးပါဟုတောင်းသောအခါ သဘောတူသည်။ နေသာဒ၏ သား သောမဒတ်က ဖခင်အား ကျေးဇူးမဲ့ သစ္စာဖောက်သည်ဟုပြောပြီး ဟိမဝန္တာတောသို့သွား၍ ရသေ့ဝတ်လေသည်။ ဘူရိဒတ်နဂါးမင်းသည် ရန်သူနှင့် ကြုံမှန်းသိလျက်နှင့် သီလစောင့်ထိန်းမှုမပျက်စေဘဲ သည်းခံတရားနှင့် မေတ္တာပွားကာ အလမ္ပာယ်ပုဏ္ဏား၏ အဖမ်းခံလိုက်သည်။ နေသာဒလည်း ပတ္တမြားရ၍ ထွက်ခွာသွားသည်။

သီလစောင့်နေသော ဘူရိဒတ်နဂါးမင်းအား ပခြုပ်တွင်း ထည့်၍ အရပ်တကာလှည့်ကာ အလမ္ပာယ်ပြစားနေရာ ပုဏ္ဏားသည် ကျော်ကြားကြွယ်ဝ ချမ်းသာလာသည်။

ဘူရိဒတ်နဂါးမင်း၏မယ်တော် သမုဒ္ဒဇာသည် မကောင်းသော အိပ်မက်မြင်မက်သဖြင့် လူ့ပြည်သို့ ဥပုသ်စောင့်သွားသော သားဘူရိဒတ်လျက် နောင်တော်ထံသွား၍ ခြေဖမိုးပေါ် ခေါင်းတင်ရာ ညီနောင်နှစ်ဦးငိုကြွေးကြသည်။ ဘူရိဒတ်က သုဒဿနအား ပေါက်သတ်သည်ထင်၍ အလမ္ပာယ်ပုဏ္ဏားသည် မြွေဆိပ်ကျစေရန် ဂါထာမန္တရားမှုတ်ရန်လာသောအခါ သုဒဿနက အလမ္ပာယ်ပညာ၌ သူ့ထက်သာသူမရှိ မန္တရားမှုတ်ရန်မလိုဟု ပြောလိုက်သောကြောင့် ပုဏ္ဏားနှင့် သုဒဿနတို့ တန်ခိုးပြိုင်ကြလေသည်။ နှမတော် ဖားမကလေး အကူအညီဖြင့် သုဒဿနအနိုင်ရပြီး ရှုံးသွားသော အလမ္ပာယ်ပုဏ္ဏားသည်လည်း နူသွားလေသည်။ ဘူရိဒတ်အား လွှတ်ပေးလိုက်ရသည်။ ဗာရာဏသီမင်း၊ ဘူရိဒတ်၊ သုဒဿနနှင့်အဇမုခိတို့အဆွေအမျိုး အဖြစ်မှန်သိကြ၍ တောထွက်ရသေ့ဝတ်နေသော သူတို့၏ဘိုးတော် ယခင်ဗာရာဏသီမင်းထံသွားရောက်ကန်တော့ရန် ချိန်းဆိုကြသည်။ ဘူရိဒတ်တို့ ညီအစ်ကိုတို့လည်း နဂါးပြည်သို့ ပြန်လာကြသည်။

ဟိမဝန္တာတောတွင် ဘူရိဒတ်ရှာဖွေရန်လာခဲ့သော ညီတော် သုဘောဂနဂါးသည် နေသာဒပုဏ္ဏားမုဆိုးကို တွေ့သဖြင့် အပြစ်ပေးရန် နဂါးပြည်သို့ ခေါ်ဆောင်လာသည်။ ဘူရိဒတ်၏အိပ်ဆောင်ကို စောင့်သော ကာကာရိဋ္ဌနဂါးသည် ယခင်ဘဝက ပုဏ္ဏားဖြစ်ခဲ့ဖူးသော



မြန်မာ့ထီးနန်း၊ ကြငှန်း၊ အချုပ်အခြာအာဏာ သဘောလက္ခဏာများကို ဤသို့ သိုက်မြိုက်ခမ်းနားစွာ ခင်းကျင်း တင်ဆက်ကပြကြသည်။

အတွက် စိုးရိမ်လာသည်။ မိခင်ထံလစဉ် လာရောက်ကန်တော့ကြသော အခြားသားတော်တို့အား အိပ်မက်ဆိုးအကြောင်း ပြောပြပြီး ဘူရိဒတ်ကို ရှာကြရန်ပြောသည်။ သားတော်ကြီး သုဒဿနက ညီတော် သုဘောဂအား ဟိမဝန္တာသို့ စေလွှတ်၍ ရှာဖွေစေသည်။ ညီတော်အငယ် ကာကာရိဋ္ဌအား နတ်ပြည်သို့ စေလွှတ်၍ ရှာစေသည်။ သူကမူ ရသေ့အသွင်ဆောင်၍ လူ့ပြည်သို့ရှာရန် ထွက်လာသည်။ သူနှင့်အတူ အဖေတူ အမေကွဲနှစ်မ အဇမုခိနဂါးမကလည်း ဖားငယ်အသွင်ဆောင်ကာ လိုက်ပါလာသည်။

ဗာရာဏသီမင်း သာဂရဗြဟ္မဒတ်မင်းရှေ့တွင် အလမ္ပာယ်ကစားပြရန် အလမ္ပာယ်ပုဏ္ဏား ရောက်လာသည်။ ဤမင်းသည် ဘူရိဒတ်၏ မယ်တော်သမုဒ္ဒဇာ၏ မောင်တော်ဖြစ်သည်။ ဘူရိဒတ်၏ ဦးရီးတော်ဖြစ်သည်။ ထိုနန်းတော်သို့ သုဒဿနနှင့် အဇမုခိတို့လည်း ဘူရိဒတ်ကို ရှာရန် ရောက်လာကြသည်။ အလမ္ပာယ်ပုဏ္ဏားသည် ပခြုပ်အတွင်းမှ ဘူရိဒတ်ကိုထုတ်ပြီး အလမ္ပာယ်ကစားသည်။ ဘူရိဒတ်သည် နောင်တော်နှင့် နှမတော်တို့ကို မြင်တွေ့လိုက်သဖြင့် မျက်ရည်ယိုစီး

ကြောင့် နေသာဒပုဏ္ဏားကို မသတ်ရန် ပုဏ္ဏားတို့သည် ဗြဟ္မာမင်းမှ ဆင်းသက်သူများဖြစ်ပြီး လူသားတို့အကျိုးအတွက် ယစ်ပူဇော်ပေးသူများ ဖြစ်ကြောင်း ပြောပြသံကို ဘူရိဒတ်ကြားသောအခါ ယစ်ပူဇော်ခြင်းသည် လွဲမှားသော အယူဝါဒဖြစ်ကြောင်း ရှင်းပြပြီး ဓမ္မတရားစစ်ကို ဟောကြားရာ ယစ်ပူဇော်မှုကို ယုံကြည်နေသူများ အကျွတ်တရား ရကြလေသည်။ နေသာဒကိုလည်း နဂါးပြည်မှ နှင်ထုတ်လိုက်သည်။

ချိန်းဆိုထားသောနေ့တွင် ဘူရိဒတ်နှင့် ညီအစ်ကို၊ မောင်နှမ၊ ဆွေမျိုးသားချင်းများ ဘိုးတော်ရသေ့ကြီးကျောင်းသို့ စုပေါင်းရောက်လာပြီး ကန်တော့ကြသည်။ ဘူရိဒတ်နဂါးမင်းလည်း အသက်ထက်ဆုံး သီလဆောက်တည်ပြီး ခန္တီပါရမီကို ဖြည့်ဆည်းသွားလေသည်။

ဇာတ်ပေါင်းသောအခါ ဘူရိဒတ်မိဘနှစ်ပါးသည် ဂေါတမဘုရား၏ ခမည်းတော်၊ မယ်တော်များဖြစ်လာသည်။ နေသာဒမုဆိုးသည် ဒေဝဒတ်၊ နေသာဒသားသည် အာနန္ဒာ၊ အဇမုခိသည် ဥပ္ပလဝဏ်ထေရီ၊ သုဒဿနသည် ရှင်သာရိပုတ္တရာ၊ သုဘောဂသည် ရှင်မောဂ္ဂလန်၊ ကာကာရိဋ္ဌသည် သုနက္ခတ်ဖြစ်လာကြပြီး ဘူရိဒတ်နဂါးမင်းကား ဂေါတမမြတ်စွာဘုရား ဖြစ်လာပါသည်။

နိပါတ်ခင်း၊ မြေဝိုင်း၊ ကွက်စိပ်၊ ရုပ်သေး ဇာတ်အားလုံးသည် ဇာတ်နိပါတ်တော်များကိုသာ အများဆုံးခင်းကျင်း တင်ဆက်ပြသပြီး လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်း ဆုံးမသွန်သင်မှုများဖြစ်သည်။ ဖျော်ဖြေရေးသက်သက်မဟုတ်ပညာပေးခြင်း၊အကျင့်သီလသမာဓိသင်ခန်းစာပေးခြင်းများဖြစ်သောကြောင့် **"ဇာတ်သမားလာရင် မှတ်သားစရာပါသည်၊ ဇာတ်သမားပြန်ရင်၊ မှတ်သားစရာ ကျန်ရစ်သည်"** ဟု အဆိုရှိခဲ့သည်။

ဇာတ်သဘင်ဟု ဆိုလိုက်သည်နှင့် အနုသုခုမပညာပေါင်းစုံသော သဘင်ဖြစ်သည်။ အဆို၊ အငို၊ အက၊ အတီး၊ ဂီတ၊ သရုပ်ဆောင်၊ ဇာတ်စကားပြော၊ ဇာတ်ဟန်ပန်၊ ဇာတ်ဝတ်ဇာတ်စား၊ မင်းခမ်းမင်းနား၊ အငို၊ အလွမ်း၊ အဆွေး၊ အသောအရွှမ်း၊ ကရုဏာရသ၊ ဟာသရသ ဘက်စုံသော သဘင်ဖြစ်သည်။ မြန်မာ့ထီးနန်း၊ ကြငှန်း၊ အချုပ်အခြာအာဏာ သဘောလက္ခဏာများကို သိုက်မြိုက်ခမ်းနားစွာ ခင်းကျင်း တင်ဆက်ကပြသော သဘင်ကြီးဖြစ်သောကြောင့် မြန်မာ့အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မြန်မာ့ယဉ်ကျေးမှုအမွေ လက်ဆင့်ကမ်းပေးသော ပွဲကြီးဖြစ်ပါတော့သည်။ ။

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏"မဟာဗုဒ္ဓဝင်တောထွက်ခန်း" ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၌ စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိရုပ်စုံအဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။**



# ဖျာပုံနှင့် ဒေးဒရဲမြို့နယ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၄

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် အောက်တိုဘာ ၂၀ ရက်တွင် ဖျာပုံ-ဒေးဒရဲလမ်း မိုင်တိုင် (၁၃/၀)မိုင်နှင့် (၁၄/၀)မိုင်ကြားရှိ လမ်းပြုပြင်သည့် လုပ်ငန်းခွင်၌ လမ်းထပ်ပိုးလွှာခင်းခြင်း၊ ကျောက်ခွဲခြင်း၊ ကျောက် ဖြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း မိသားစုက လှူဒါန်းသည့် လေးအိမ်ကုန်း မူလတန်းလွန်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို လိုက်လံကြည့်ရှု၍ ယာယီကျောင်းဆောင်၌ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား အားပေးစကားပြောကြားသည်။**

ထို့နောက် ဝန်ကြီးသည် ဒေးဒရဲမြို့ အနီး မိုင်တိုင်(၂/၀)မိုင်နှင့်(၃/၀)မိုင် အကြား လမ်းပြုပြင်နေမှု၊ လမ်းထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုတို့ကို ကြည့်ရှု၍ ကျန်းမာရေး အဆောက်အအုံတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဒေးဒရဲမြို့အဝင်၌ ထပ်ဆင့်လွှင့်ရုံ မိုက်ကရိုဝေ့ဖ် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးသည် ဒေးဒရဲမြို့ ရုံးကြီးရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ❑ လမ်းပန်းဆက်သွယ်သွားလာမှုမှ

မွန်ပြည်နယ်သည် ရော်ဘာပြည်နယ်ဖြစ်ရမည်ဆိုသည့် ရည်မှန်းချက်ဖြင့် တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့စိုက်ပျိုးခဲ့ရာ တိုးတက်အောင်မြင်မှုများ ရရှိနေသည်။

မွန်ပြည်နယ်အတွင်းတွင် အထူးစီမံကိန်းတံတားကြီးများ ဖြစ်သည့် သံဖြူချောင်းတံတား၊ အတ္ထရံတံတား၊ ဒုံသမိတံတား၊ ရေးမြစ်ကူးတံတားနှင့် နိုင်ငံတော်၏ အရှည်လျားဆုံးနှင့် အကြီးမားဆုံးတံတားဖြစ်သည့် သံလွင်တံတား (မော်လမြိုင်)တို့ကို တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ထပ်မံ၍ တံတားအရှည် ၁၃၆၅ ပေ ရှိသည့် စစ်တောင်းတံတား(မုပ္ပလင်)ကို ၂၀၀၈ ခုနှစ် ဇူလိုင် ၁၂ ရက်က ဖွင့်လှစ်လိုက်သည့်အတွက် မွန်ပြည်နယ်သည် ပိုမိုဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သည်။

စစ်တောင်းတံတား (မုပ္ပလင်)ကို လက်ရှိစစ်တောင်းတံတား(သိမ်ဇရပ်)၏ ရေစုန်ဘက် လေးမိုင်ခန့်အကွာတွင် တည်ဆောက်ထားသည်။သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၆၀ ခံနိုင်ဝန်ရှိသည်။ ချဉ်းကပ်တံတားများ အနေဖြင့် ကျိုက်ထိုဘက်ကမ်းတွင် ၂၄၄ ဒသမ ၁ပေ၊ဝေါဘက်ကမ်းတွင် ၇၈၃ဒသမ၆ ပေရှိသည်။ပင်မတံတား၏အရှည် ၂၃၉၂ ဒသမ ၇ ပေ ရှိ၍ တံတား၏ စုစုပေါင်းအရှည်မှာ ၂၃၉၂ ဒသမ ၇ ပေရှိသည်။ယာဉ်သွားလမ်း အကျယ် ၂၈ ပေရှိပြီး တစ်ဖက်လျှင် ခြောက်ပေကျယ်သည့် လူသွားလမ်းရှိသည်။

တစ်ချိန်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် နီးလျက်နှင့် ဝေးခဲ့ရသည့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့သည် ယခုအခါ ခရီးသွားလာရေး၊ ကုန်စည်ပို့ဆောင်ရေးတို့ကို အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာလုပ်ကိုင်နိုင်ကြပြီဖြစ်သည်။ ထို့အပြင် အခြားပြည်နယ်နှင့် တိုင်းများကိုလည်း တည်ဆောက်ပြီးသည့် တံတားများကို အသုံးပြု၍ ပေါင်းကူးဆက်စပ်သွားလာနိုင်ပေသည်။ စစ်တောင်းတံတား (မုပ္ပလင်)သည် မွန်ပြည်နယ်အတွက် ဆဋ္ဌမမြောက် တံတားကြီးဖြစ်သလို နိုင်ငံတော်၏ ၂၃၅ စင်းမြောက် တံတားကြီးဖြစ်သည်။

အလျှောက်မခက် အဆောက်ခက်ဟု ဆိုသော်လည်း တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုသည့် စိတ်ဓာတ်ဖြင့် မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း တည်ဆောက်နေသည်။ ထပ်မံ၍လည်း တည်ဆောက်ဦးမည်ဖြစ်သည်။ နိုင်ငံတော် အစိုးရ၏ ဦးဆောင်မှု၊ မြန်မာအင်ဂျင်နီယာများ၏ စွမ်းပကား၊ တီထွင်ကြံဆမှု၊ ကြိုးပမ်းအားထုတ်မှုနှင့် တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်မှုတို့၏ သမိုင်းမှတ်တိုင်များပင်ဖြစ်သည်။

## သတင်းမှတ်စု

## ကျော်ဝင်းအောင်

# မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဆေးနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို အောက်တိုဘာ ၂၃ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အသင်းရုံးချုပ်၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက ကျန်းမာရေးဝန်ကြီးဌာနသို့ ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ဆေးနှင့် သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးဝင်းမြင့်က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကညွတ်ကွင်းအထက ကျောင်းသား/သူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အထကကျောင်းသား၊ ကျောင်းသူဟောင်းများသည် ကညွတ်ကွင်းမြို့၌ ပညာသင်ကြားပေးခဲ့ကြသည့် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးတို့အား (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၉ ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီ တွင် ကညွတ်ကွင်းမြို့ အထက(မြရတနာ)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေ လှူဒါန်းလိုပါက ဦးအောင်ဝင်း ဖုန်း-၀၉ ၅၀၀၈၇၅၂ (ရန်ကုန်မြို့)၊ ဦးနိုင်လင်း ဖုန်း-၀၉ ၂၀၀၁၁၂ (မန္တလေးမြို့)၊ ဦးထွန်းမြင့် ဖုန်း-၀၆၇-၄၁၄၂၁၀ (နေပြည်တော်)၊ ဒေါ်ခင်ဌေးတင် ဖုန်း-၀၆၄ ၃၅၃၅၇(မိတ္ထီလာမြို့)၊ ဦးဝင်းလှိုင် ဖုန်း-၀၅၄ ၂၃၂၄၉(တောင်ငူမြို့)၊ ဦးအောင်မြင့်ဖုန်း-၀၅၄ ၅၀၁၁၅(ကညွတ်ကွင်း)၊ ဒေါ်ခင်မော် ဖုန်း-၀၅၄ ၅၀၀၀၈ (ကျောင်းအုပ်ကြီး)နှင့် ဦးညီညီ ဖုန်း-၀၅၄ ၄၀၅၉၆ (ဖြူး)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ဩဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့က ကြီးမှူး၍ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဩဂဲနစ်သီးနှံအစုအဖွဲ့မှ Strategies and Approaches for Promotion of Organic Agriculture in Myanmar ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၁ရက် (စနေနေ့) နံနက်၈နာရီခွဲမှ ညနေ၅နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပမည်ဖြစ်ရာ ဂျပန်နိုင်ငံမှ EM Technology ဆိုင်ရာပညာရှင်များက ပါဝင်ဆွေးနွေးမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ဆွေးနွေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

* ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။

* မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ဆိတ်နို့ အသုံးဝင်။

* အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

ရန်ကုန် အောက်တိုဘာ ၂၄

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် ဒေသအလိုက်နှင့် မကွေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(ရေဆင်း) တွင် ၀ ဒသမ ၄၇လက်မ၊ နေပြည်တော်(သပြေကုန်း)တွင် ၀ ဒသမ ၇၅လက်မ၊ နေပြည်တော်(လယ်ဝေး)တွင် ၁ဒသမ၀၆လက်မ၊ နေပြည်တော်(တပ်ကုန်း) တွင် ၀ ဒသမ ၈၃ လက်မ၊ ရမည်းသင်းမြို့တွင် ၃ ဒသမ ၄၆လက်မ၊ တောင်တွင်းကြီးမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ဟဲဟိုးမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ တောင်ကြီးမြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် နေပြည်တော်(ပျဉ်းမနား)တွင် ၁ ဒသမ ၄၁ လက်မ တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ယနေ့နံနက် မြန်မာစံတော် ချိန် ၉နာရီခွဲ အချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ် ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၂၅ရက် ညနေထိခန့်မှန်းချက်။** ။ကယားပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာ နိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**အောက်တိုဘာလ တတိယရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်၊** ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်း နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | |
|---|---|
| ၃၄ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၃ ဒီဂရီဖာရင်ဟိုက်) | ၂၃-၁၀-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | |
|---|---|
| ၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ဒီဂရီဖာရင်ဟိုက်) | ၂၄-၁၀-၂၀၀၈ |
| ၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း | ၂၄-၁၀-၂၀၀၈ |
| နေပူသည့်နာရီပေါင်း ၅ဒသမ၆ နာရီခန့် | ၂၃-၁၀-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၄-၁၀-၂၀၀၈ | မရှိပါ | ၁မမ(၀ဒသမ၀၄လက်မ) | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၆၀၅ မမ | ၂၈၇၀မမ | ၃၃၆၀မမ |
| ယနေ့အထိ | (၁၀၂ဒသမ ၅၆လက်မ) | (၁၁၂ဒသမ ၉၉လက်မ) | (၁၃၂ဒသမ ၂၈လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၄-၁၀-၂၀၀၈ ရက် ၉း၃၀ နာရီတွင် အနောက်မြောက်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်း နန်နင်းမြို့ လီယွမ်ဟိုတယ် ညှိရိပ်သာ အမှတ်(၁၇)ညှိခန်းမ၌ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**✪ ရှေ့ဖုံးမှ**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ မာပြောင်းနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မု၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် မစ္စတာ ရှန်းပေဟိုင်၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာဝမ်ယွဲ့ဖေးနှင့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဖန်းရှောင်လိတို့ တက်ရောက်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ မာပြောင်းက ပြောကြားရာ၌ တရုတ်-မြန်မာ နှစ်နိုင်ငံတို့သည် ရင်းနှီးသည့် အိမ်နီးချင်းကောင်းများဖြစ်ကြပြီး မိမိတို့ဒေသနှင့် မြန်မာနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများလည်း များစွာရှိပါကြောင်း။

မိမိတို့ဒေသသည် ယခင်က ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့သော်လည်း ယခုအခါ အာဆီယံနိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်သည့်ဒေသ တစ်ခု ဖြစ်လာပါကြောင်း။

ဗဟိုအစိုးရမှ ချမှတ်ခဲ့သည့် အနောက်တောင်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နယ်မြေတည်ဆောက်ရေး မူဝါဒအရ မိမိတို့ဒေသအား ပိုမိုတိုးတက်သည့် ဒေသအဖြစ် တည်ဆောက်လျက်ရှိပါကြောင်း၊ ဗဟိုအစိုးရမှ မိမိတို့ဒေသနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရန် အားပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် သယံဇာတများစွာရှိပြီး ကွမ်ရှီးဒေသတွင် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုရှိရာ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်၍ နှစ်ဖက်အကျိုးစီးပွားများကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ နန်နင်းမြို့တွင် အာဆီယံနိုင်ငံများမှ ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်နိုင်ရေးအတွက် မြေနေရာသတ်မှတ်ပေးထားပြီးဖြစ်ရာ မြန်မာနိုင်ငံအစိုးရအနေဖြင့် နန်နင်းမြို့တွင် ကောင်စစ်ဝန်ချုပ်ရုံး ဆောလျင်စွာ ဖွင့်လှစ်နိုင်ရေး ပြောကြားလိုပါကြောင်း။

တရုတ်ဗဟိုအစိုးရအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့နှင့် ဆွေးနွေးကာ အာဆီယံကုန်သွယ်ရေးဗဟိုဌာနတစ်ခု ထားရှိရေးနှင့် ကွမ်ရှီးဒေသတွင် အဖွဲ့ခွဲရုံးတစ်ခု ထားရှိရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မဟာမဲခေါင် ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုကဲ့သို့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း မိမိတို့ဒေသမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုနှစ် မတ်လတွင် လာအိုနိုင်ငံ၌ ကျင်းပခဲ့သည့် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတွင် တရုတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်မှ အာဆီယံနိုင်ငံများတွင် ဇီဝခာတ်ငွေ့ကန်များ တည်ဆောက်ပေးရေးစီမံကိန်းနှင့် အာဆီယံနိုင်ငံများမှ ကျောင်းသားများအား တရုတ်နိုင်ငံတွင် ပညာသင်ဆုပေးရေး စီမံကိန်းတို့ ချမှတ်ဆောင်ရွက်ပေးရန် အဆိုပြုခဲ့ပြီးဖြစ်၍ ကွမ်ရှီးဒေသရှိ တက္ကသိုလ်များတွင် ပညာသင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ကြောင်း ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတွင် သဘာဝသယံဇာတများ ပေါများသည့်အတွက် သတ္တုလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများတွင်လည်း နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လိုပါကြောင်း၊ အောင်မြင်မည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြောကြားရာတွင် ၂၀၀၃ ခုနှစ်တွင် ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် တရုတ်နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်မှ အဆိုပြု၍ အကောင်အထည်ဖော်ခဲ့သည့် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့သည်မှာ ယခုအခါ ပဉ္စမအကြိမ်သို့ပင် အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ခဲ့သည်ကို ဝမ်းမြောက်စွာ တွေ့မြင်ရပါကြောင်း။

ယခုကဲ့သို့ နှစ်စဉ် ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများ ကျင်းပခြင်းအားဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရုံမျှမက သတင်းနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း အထောက်အကူဖြစ်စေပါကြောင်း၊ ယခုကျင်းပသည့် ကုန်စည်ပြပွဲနှင့် ထိပ်သီးအစည်းအဝေးများက နှစ်ဖက်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံမှ ယူနန်ပြည်နယ်ရှိ စီးပွားရေးကုမ္ပဏီများနှင့် ရေအားလျှပ်စစ် ထုတ်လုပ်သည့်လုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်သည့်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများစွာရှိရာ ကွမ်ရှီးပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်ဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှာ အထူးကောင်းမွန်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရပါကြောင်းဖြင့် ပြောကြားသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ရေကန်ဥယျာဉ်(Lake Garden)တွင် ကြည့်ရှု လေ့လာကြစဉ်။ (သတင်းစဉ်)





## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၅-၁၀-၂၀၀၈ (စနေနေ့)**

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၅ ၄။ ကျန်းမာသုတ
- ၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ကြီးရင်မိုင်ယံရင်ချီ (လွင်မိုး၊ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်) ဒါရိုက်တာ-ကျော်ဇောလင်း(အတွေးပုံရိပ်)
- ၁း၅၀ ၆။ အမျိုးသားရေး တေးကဗျာ
- ၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၂၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ ထူးခြားဆန်းပြားကမ္ဘာ တစ်လွှား
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး အပိုင်း (၁၇)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ လူရွှင်တော်ရွှေဖလား
- ၁၉။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
- ၂၀။ အင်္ဂလိပ်စာသုတ (English Usage)
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ အပိုင်း(၁၈)
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နန်နင်းမြို့ရှိ ကောင်စစ်ဝန်ချုပ်ရုံးများ လျာထားမြေနေရာနှင့် မြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး တည်ဆောက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၄

**ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသပါတီ အမြဲတမ်းကော်မတီဝင် မစ္စတာရှန်းပေဟိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် နန်နင်းမြို့ရှိ ကောင်စစ်ဝန်ရုံးများ လျာထားမြေနေရာ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာချန်းရွှေမင်း (Mr. Qian Xue Ming)နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဒုတိယအုပ်ချုပ်ရေးမှူးက အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ကောင်စစ်ဝန်ချုပ်ရုံးများ တည်ဆောက်နေမှုနှင့် မြေနေရာချထားပေးမှု၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ မြေနေရာ အကျယ်အဝန်း၊ ဆောက်လုပ်မည့် ပုံစံဒီဇိုင်းတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး နိုင်ငံအလိုက် ဆောက်လုပ်ပေးမည့် ကောင်စစ်ဝန်ချုပ်ရုံး အဆောက်အအုံ ဒီဇိုင်းကားချပ်ကို ကြည့်ရှုသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် China-ASEAN International Commercial Zone သို့ ရောက်ရှိကြပြီး မြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး အဆောက်အအုံ တည်ဆောက်မည့် မြေနေရာနှင့် ဆောက်လုပ်မည့်အဆောက်အအုံ ဒီဇိုင်းပုံစံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်နင်းမြို့ Guangxi Modern Agriculture Science & Technology Demostration Center ရှိ ပါကွေ့စိုက်ပျိုးရေးဥယျာဉ် (Bagui Garden) သို့ ရောက်ရှိကြရာ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Zhang Ming Pei နှင့် အထွေထွေမန်နေဂျာ Mr. Chen Zhang Qiu တို့က ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပါကွေ့စိုက်ပျိုးရေးဥယျာဉ်အတွင်းရှိ Ornamental Green House ၌ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးအသုံးပြုခြင်း၊ သဘာဝမြေဩဇာကို အသုံးပြုစိုက်ပျိုးထားသည့် သစ်သီးဝလံနှင့် ပန်းမန်များကိုလည်းကောင်း၊ မြေမဲ့စိုက်ပျိုးထားသည့် ဆေးဖက်ဝင်အပင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ဆက်လက်၍ ပါကွေ့စိုက်ပျိုးရေး ဥယျာဉ်မှ ထွက်ရှိသည့် သစ်သီးဝလံနှင့် မှိုများကိုလည်းကောင်း၊ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ တင်ပို့ရောင်းချရာတွင် တာရှည်ခံနိုင်ရေးအတွက် သိုလှောင်ထားရှိမှုစနစ်တို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် Vegetable Nursery Planting Area ရှိ ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ ပျိုးဗန်းဖြင့် မျိုးစေ့တစ်စေ့ချင်းအား စက်ကိရိယာဖြင့် ပျိုးထောင်စိုက်ပျိုးထားပြီး ခေတ်မီနည်းဖြင့် ပျိုးဗန်းများအား ရေဖျန်းမှုစနစ်၊ အပင်တစ်ပင်ချင်း ပျိုးထောင်သည့်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားရှိမှု၊ ပျိုးဗန်းအတွင်း သဘာဝမြေဩဇာနှင့် မျိုးစေ့တစ်စေ့ချင်း ထည့်သွင်းသည့် စက်တို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥယျာဉ်အတွင်း လာရောက်လေ့လာသည့် အထိမ်းအမှတ်အဖြစ် ပန်းအလှပင်ကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ပါကွေ့ဥယျာဉ်မှ တာဝန်ရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ် Mr. Zhang Ming Pei တို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ ပါကွေ့စိုက်ပျိုးရေးဥယျာဉ်အတွင်း ပန်းအလှပင်ကို အမှတ်တရ စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ ပါကွေ့စိုက်ပျိုးရေးဥယျာဉ်မှ ထွက်ရှိသည့် မှိုများနှင့် ဟင်းသီးဟင်းရွက်များကို ကြည့်ရှုလေ့လာစဉ်။**(သတင်းစဉ်)



# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နန်နင်းမြို့တွင်း ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၄

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် နန်နင်းမြို့၌ အထပ်အမြင့်ဆုံးဆောက်လုပ်ထားသည့် International Chamber of Commerce Tower သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမြင့် ၂၇၆ မီတာမြင့်ပြီး အထပ် ၅၉ ထပ်ရှိသည့် Tower ပေါ်သို့ တက်ရောက်၍ နန်နင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှု၊ ခေတ်မီ အဆောက်အအုံများ၊ အပန်းဖြေဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်၊ မော်တော်ကားလမ်းများနှင့် ယုန်းမြစ် (Yong River)တို့ကို ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ကြည့်ရှုလေ့လာ**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကန်ဥယျာဉ် (Lake Garden)သို့ ရောက်ရှိကြပြီး ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များကို စနစ်တကျ လှပစွာ အကွက်ချစိုက်ပျိုးထားရှိမှု၊ စိမ်းလန်းစိုပြည် သာယာလှပရေး စီမံဆောင်ရွက်ထားမှု၊ ပြည်သူများ လာရောက်အပန်းဖြေရန် စီစဉ်ပေးထားမှုနှင့် ပူအိုက်သောရာသီတွင် အပန်းဖြေလာရောက်သည့် ပြည်သူများ သဘာဝအေးမြသော ရာသီဥတုအတိုင်း ရရှိခံစားနိုင်ရေးအတွက် ဖန်တီးပြုလုပ်ထားရှိမှုတို့ကို ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုသည့် လီယွမ်ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

**စာမျက်နှာ ၁၀ ကော်လံ ၆ သို့** ✽

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသပါတီ အမြဲတမ်းကော်မတီဝင် မစ္စတာရှန်းပေဟိုင် နန်နင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)



# (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နဝမနေ့ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ နဝမနေ့ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ ဆက်လက်ကျင်းပသည်။**

အဆိုပါပြိုင်ပွဲများသို့ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များ၊ လေ့လာရေးအဖွဲ့ဝင် တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို ချစ်ခင်တန်ဖိုးထားကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ ဒေါ်သပြေ၊ ရခိုင်ပြည်နယ်မှဒေါ်အေးနှင်းခိုင်၊ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၊ ရန်ကုန်တိုင်းမှ ဒေါ်သန်းသန်းငြိမ်းနှင့် ဒေါ်မြမြ၊ ဧရာဝတီတိုင်းမှ ဒေါ်သူဇာအောင်၊ ပဲခူးတိုင်းမှ ဒေါ်ဥမ္မာတို့က "နရန်းမြောင်" (ရှေးသံဆန်း) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲကိုကျင်းပရာ ဧရာဝတီတိုင်းမှ မောင်ပိုမိုထက်အောင်၊ မွန်ပြည်နယ်မှ မောင်မင်းခန့်၊ ကချင်ပြည်နယ်မှ မောင်ဖော်ယူးဆိုင်းလတ်နော်၊ ရှမ်းပြည်နယ်မှမောင်ဖြိုးအာကာ၊ မန္တလေးတိုင်းမှ မောင်ဟိန်းထက်ဦးနှင့် မောင်ရဲသူရလွင်၊ ရန်ကုန်တိုင်းမှ မောင်ဇော်ထူးအောင်၊ ရခိုင်ပြည်နယ်မှ မောင်မျိုးမြတ်ဟိန်း၊ ကရင်ပြည်နယ်မှ မောင်စောထက်အောင်အောင်၊စစ်ကိုင်းတိုင်းမှ မောင်အာကာဟိန်း၊ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် ပဲခူးတိုင်းမှ မောင်နိုင်နိုင်စိုးတို့က "ရန်တကာအောင်"(ဘွဲ့)သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ရာဟုလာအမွေတောင်းခန်းကွက်စိပ်ပြိုင်ပွဲကို နံနက် ၉နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ ဦးမောင်သစ်က မန္တလေးပစ်တိုင်းထောင် ပံ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ ရန်ကုန်တိုင်းမှ ဦးနိုးတူးက အေးမင်းအောင် ပံ့ပိုးဆိုင်းအဖွဲ့နှင့်တွဲဖက်၍ လည်းကောင်း၊ ဟောပြောပြိုင်ပွဲဝင်ကြပြီး မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းမှ ဦးနန်းမြင့်ဆွေက စိန်ဝမ်းတူးပံ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မကွေးတိုင်းမှ ဒေါ်လာမင်းလွင်က ရေနံမြေစိန်ငွေးဝင်းပံ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း ဟောပြောပြိုင်ပွဲဝင်ကြသည်။

သီချင်းအရေးပြိုင်ပွဲကို နံနက်ပိုင်းတွင် ရွာတော်အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၌ "ထူးချွန်သူတို့ ပျော်ရာမြေ" ခေါင်းစဉ်ဖြင့် ရခိုင်ပြည်နယ်မှ မောင်ကျော်သီဟ၊ ကရင်ပြည်နယ်မှ မောင်ညီညီဟိန်း၊ ရန်ကုန်တိုင်းမှ မောင်ချစ်ကိုဝင်း၊ မွန်ပြည်နယ်မှ မနန်းသီဂီဝင်း၊ မန္တလေးတိုင်းမှ မောင်အောင်မျိုးဦး၊ ချင်းပြည်နယ်မှ မောင်လင်းဟိန်း၊ စစ်ကိုင်းတိုင်းမှ မောင်ထန်လျန်ကပ်၊ မန္တလေးတိုင်းမှ မောင်နေမင်းထွန်း၊ ရန်ကုန်တိုင်းမှ မောင်ပြည့်ဖြိုးလင်း၊ ကယားပြည်နယ်မှ မချောစုနှင့် ဧရာဝတီတိုင်းမှ မောင်မျိုးမင်းထွန်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် သစ်တောသုတေသန စုဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းမှ မောင်ဇင်ကိုကို၊ ရန်ကုန်တိုင်းမှ မောင်စည်သူထွန်း၊ ရခိုင်ပြည်နယ်မှ မောင်ဝေဖြိုးပိုင်၊ ဧရာဝတီတိုင်းမှ မောင်အောင်အောင်ဟိန်း၊ မန္တလေးတိုင်းမှ မောင်ထိန်လင်းအောင်၊မကွေးတိုင်းမှ မောင်မြမိုး၊ မွန်ပြည်နယ်မှ မောင်ဝဏ္ဏနှင့် ရန်ကုန်တိုင်းမှ မောင်ဖိုးသကြ်န်တို့က "ဝေဘာဂီရိ"(ကြိုး)သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲကို ကျင်းပရာ ဧရာဝတီတိုင်းမှ မခိုင်သင်းကြည်၊ရန်ကုန်တိုင်းမှ မသက်ထားဝေ၊ ပဲခူးတိုင်းမှ မအေးမြတ်မွန်နှင့် ရန်ကုန်တိုင်းမှ မယွန်းရွှေရည်ထူးတို့က "စိမ်းလဲ့လဲ့"(ကြိုး)သီချင်းဖြင့် ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

မွန်းလွဲ ၁နာရီတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲကို ကျင်းပရာ မကွေးတိုင်းမှ မကြည်ကြည်မာ၊ ရှမ်းပြည်နယ်မှ မနန်းခင်မေဖူးဟန်၊ ရန်ကုန်တိုင်းမှ မအေးမြင့်မြတ်၊ပဲခူးတိုင်းမှ မလှဲ့ရည်ဝင်း၊ ရန်ကုန်တိုင်းမှ မဆုစန္ဒာလှိုင်နှင့် ဧရာဝတီတိုင်းမှ မစုစုထက်အောင်တို့က"ပဥ္စသိခ်"(ကာလပေါ်) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်၊ မန္တလေးတိုင်းမှ မောင်ရန်နိုင်ထွန်း၊ ပဲခူးတိုင်းမှ မောင်လှဘုန်းထက်၊ ရန်ကုန်တိုင်းမှ မောင်စောပိုင်နှင့် ဧရာဝတီတိုင်းမှ မောင်ပိုမိုထက်အောင်တို့က"စိမ်းလဲ့လဲ့"(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား စောင်းအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းမှ ဦးစန်းကိုလေး၊ ရခိုင်ပြည်နယ်မှ မောင်ဝေဖြိုးနိုင်နှင့် မွန်ပြည်နယ်မှ ဦးချမ်းသာတို့က " ပုံပမာကြိုး" သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဒေါ်ဇာဇာအေး၊ ဧရာဝတီတိုင်းမှ ဒေါ်တင်နီလာဝင်း၊ မန္တလေးတိုင်းမှ ဒေါ်နန္ဒာအေးနှင့် တနင်္သာရီတိုင်းမှ ဒေါ်လွင်မာသိန်းတို့က "အမွှန်မာန်ဟုန်" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ပါဝင်ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီးစောင်းအတီးပြိုင်ပွဲကို ကျင်းပရာ ကချင်ပြည်နယ်မှ မမြတ်နိုးလှိုင်၊ ဧရာဝတီတိုင်းမှ မခိုင်ထက်ထက်လင်း၊ ရန်ကုန်တိုင်းမှ မမေအေးအေးချမ်း (ခ)ကြာလေးစိန်၊ မန္တလေးတိုင်းမှ မကြည်ဖြူစိမ့်နှင့် မစုရတနာ၊ ရန်ကုန်တိုင်းမှ မအိအိခိုင်နှင့် စစ်ကိုင်းတိုင်းမှ မမြတ်ကေသွယ်ကျော့တို့က "ဝေဘာဂီရိ"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသား စောင်းအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုး၊ ရန်ကုန်တိုင်းမှ မောင်မိုးမြင့်ဆက်နှင့် ပဲခူးတိုင်းမှ မောင်ကံဦးအောင်တို့က "ရှုတိုင်းသာစွ" (ဘွဲ့)သီချင်းဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။




**အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီး သီချင်းအရေးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်ညီညီဟိန်း ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)



**အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မအေးမြင့်မြတ် ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)



**အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အခြေခံပညာအဆင့် အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မမြတ်နိုးလှိုင် ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီးနှင့် အခြေခံပညာအဆင့် အသက် (၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲများကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဒေါ်ကြည်ကြည်စမ်းအဖွဲ့၊ ရန်ကုန်တိုင်းမှ ပေါက်ကျော်မအဖွဲ့၊ မန္တလေးတိုင်းမှ မရွှေစင်ကလျာထက်ထက်ကျော်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မခိုင်ဇာဝင်းအဖွဲ့တို့သည် လည်းကောင်း၊ အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီး ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ရွှေမြန်မာအဖွဲ့၊ မန္တလေးတိုင်းမှ မအိသဉ္ဇာအောင်အဖွဲ့၊ ရန်ကုန်တိုင်းမှ မချစ်စုဝေစတင်းအဖွဲ့နှင့် မန္တလေးတိုင်းမှ မဖြူဖွေးသန့် အဖွဲ့တို့သည်လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မယွန်းဝတီအောင်ကျော်စိုး အဖွဲ့၊ ရန်ကုန်တိုင်းမှ မသက်ထားဝေအဖွဲ့နှင့် မပပပြည့်ဖြိုး အဖွဲ့တို့သည် လည်းကောင်းတီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဒုံမင်းတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ "ဆဒ္ဒန်အိုင်သာ" (သီချင်းခံ)ဖြင့် ရန်ကုန်တိုင်းမှ မရည်ဖုန်းဆွေ၊ ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်းနှင့် မန္တလေးတိုင်းမှ ဒေါ်စိန်စိန်ရင်တို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် အမျိုးသား ဒုံမင်းတီးပြိုင်ပွဲကို ကျင်းပရာ "မှိုင်းရိပ်ကယ်တည့်"(ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှမောင်လှိုင်ဝမ်းတူးနှင့် မောင်ဇော်မျိုးထွန်း၊ ပဲခူးတိုင်းမှ မောင်သူရ၊ ဧရာဝတီတိုင်းမှ မောင်မိုးဝေနှင့် ရခိုင်ပြည်နယ်မှ မောင်ကျော်သီဟတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာဆင့် အမျိုးသမီး ဒုံမင်းတီးပြိုင်ပွဲကို ကျင်းပရာ "ဖုတ်သွင်းရထား"(ကာလပေါ်) သီချင်းဖြင့် မန္တလေးတိုင်းမှ မမြင့်မြင့်သန်းနှင့် မဇင်မာဝေ၊ ပဲခူးတိုင်းမှ မစိမ်းမိုးနှင့် ရန်ကုန်တိုင်းမှ မစုပြည့်ဖြိုးမွန်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသား ဒုံမင်းတီးပြိုင်ပွဲကို ကျင်းပရာ "မင်္ဂလာသီရိ"(ဘွဲ့) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်စည်သူထက်အောင်၊ ပဲခူးတိုင်းမှ မောင်သန့်ဇော်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်နေဗလကျော်၊ ရန်ကုန်တိုင်းမှ မောင်ဖိုးသကြ်န်နှင့် မကွေးတိုင်းမှ မောင်မြမိုးတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးဒုံမင်းတီးပြိုင်ပွဲကို ကျင်းပရာ "အောင်မင်္ဂလာ"(ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မထက်လေးရွှေဘို၊ မကွေးတိုင်းမှ ဒေါ်နီလာနှင့် ပဲခူးတိုင်းမှ မခိုင်သန္တာစိုးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

---

❀ စာမျက်နှာ ၉ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ခေတ္တတည်းခိုသည့် လီယွမ်ဟိုတယ်မှ နန်နင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် ဒေသခံ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသပါတီ အမြဲတမ်းကော်မတီဝင် မစ္စတာရှန်းပေဟိုင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မု၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးရုံး ဒုတိယအကြီးအကဲ မစ္စတာ ကျူးရှုပ္ပွားနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေ ၄နာရီခွဲတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

---

## အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ကွယ်လွန်ပြီး ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား ရည်စူး၍ ဆွမ်းကပ်တရားနာအမျှပေးဝေခြင်းနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၁၃ ရက် ကြာသပတေးနေ့ နံနက် ၁၀နာရီတွင် ရွှေကျုံရတနာ အားကစားခန်းမ၌ လည်းကောင်း၊ အာစရိယပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ကျောင်းပေါင်းစုံ ပဒေသာကပွဲကို ညနေ ၅နာရီတွင် ရွှေကျုံရတနာအားကစားခန်းမ၌လည်းကောင်း ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းပူဇော်ကန်တော့လိုပါက ကျုံမငေးအသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး အောင်သန်း(ငြိမ်း) ဖုန်း-၅၇၈၁၉၇၊ အတွင်းရေးမှူး ဦးစိန်လျှံ ဖုန်း-၃၈၉၃၅၅၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၂၂၄၃၂၆၊ အသင်းတိုက် ဖုန်း-၂၂၇၅၅၁၊ ကျုံမငေးမြို့ ဦးကြည်ခင် (ရယကဥက္ကဋ္ဌ) ဖုန်း-၀၄၂-၆၅၂၁၅၊ ဦးအောင်သိန်းကြည် (အဖွဲ့ဝင်ရယက)ဖုန်း-၀၄၂-၆၅၁၃၂၊ ဦးရှုဟိုး ဖုန်း-၀၄၂-၆၅၃၆၃၊ ဦးဖေခင်၊ ဦးဇော်မင်းထွန်း၊ ဦးအုန်းကြိုင် (ကျောင်းအုပ် အထက) ဖုန်း-၀၄၂-၆၅၃၉၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)





## ယှဉ်ပြိုင် တင်ဆက်

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဘူရိဒတ်ဇာတ်တော်ကြီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း ကိုယ်စားပြု ချီထွန်းဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်စဉ်။**

(သတင်းစဉ်)

# စစ်ကိုင်းတိုင်း ကိုယ်စားပြုဇာတ်အဖွဲ့ ဘူရိဒတ်ဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်

**နေပြည်တော် အောက်တိုဘာ ၂၄**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ ဘူရိဒတ်ဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ရတနာခန်းမ၌ ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းကိုယ်စားပြု ချီထွန်းဇာတ်အဖွဲ့က ဘူရိဒတ်ဇာတ်တော်ကြီးကို ယှဉ်ပြိုင်တင်ဆက်သည်။

အဆိုပါဇာတ်တော်ကြီးပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် အုန်းမြင့်နှင့် ဇနီး ဒေါ်နုနုဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ ရွှေနေချုပ် ဦးအေးမောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများ၊ မြန်မာ့ဇာတ်သဘင်အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

စစ်ကိုင်းတိုင်းကိုယ်စားပြု ချီထွန်းဇာတ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်နှင့် ဒါရိုက်တာဦးအိုးဝေ၊ ဇာတ်ညွှန်း ဦးဌေး(မုံရွာ)၊ ဂီတမှူး ရတနာပုံသန်းထိုက်၊ ဇာတ်အလင်္ကာတက်ခေတ်ဦးသန်းအောင်၊ ဘူရိဒတ် နဂါးမင်းအဖြစ် ဦးချီထွန်း၊ သုဒဿန (ဒဌရဋ္ဌ) နဂါးမင်းအဖြစ် ဦးအောင်ဖြိုးဟိန်း၊ မယ်နာဂီနဂါးမအဖြစ် ဒေါ်မိုးဝါ၊ သမုဒ္ဒဇာအဖြစ် ဒေါ်ဇင်မာအောင်နှင့် ဇာတ်ပို့ဇာတ်ရံအဖွဲ့သားများက ရတနာပုံသန်းထိုက်ဆိုင်းအဖွဲ့နှင့်တွဲဖက်ကာ ဇာတ်တော်ကြီးဆယ်ဘွဲ့ဝင် ဘူရိဒတ်ဇာတ်တော်ကြီးကို ဇာတ်ဝင်ခန်းများ စုံလင်စွာဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဇာတ်သဘင် အနုပညာရသပြောင်မြောက်စွာ ယှဉ်ပြိုင်တင်ဆက်သည်။

(သတင်းစဉ်)

## ရွှေမြန်မာတို့ အနုပညာ

✻ တောအထပ်ထပ် - တောင်ထပ်ထပ်မှ
နယ်ရပ်ပေါင်းစုံ - စုစည်းဆုံတွေ့
ပျော်မွေ့ချစ်ကြည် - လုစ်ကျူးသီသည့်
စုံညီယဉ်ကျေး ပြိုင်ပွဲသဘင်။

✻ ကမ်းယံပျူသက် - စဉ်ဆက်စီးဆင်း
တေးချင်းကဗျာ - ညင်သာချိုးလက်
ကကွက်ငြိမ့်ညောင်း - နဲ့, စောင်း, ဆိုင်းဝိုင်း
သမိုင်းခိုင်မာ - ရိုးရာဓလေ့
စဉ်မမေ့အောင် - ဖော်ဆောင်ရေးရှု
အနုပညာ - အစဉ်လာ။

✻ ရှမ်း, ချင်း, ကချင် - ကရင်, ကယား
မွန်, ဗမာ, ရခိုင် - တွဲကိုင်စည်းဝါး
ညီညွတ်အားဖြင့်
စွမ်းအားပေါင်းစု - ယဉ်ကျေးမှုသည်
အနုပညာ - ရွှေမြန်မာ၌
ရောင်ဖြာလွှင့်၍ - ဝင့်ပါစေ။
ဒြပ်ထုခိုင်မာ - ဤကမ္ဘာတွင်
ရှည်ကြာတင့်၍ - မြင့်ပါစေ။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်-

**လင်းအောင်(ဇီးကုန်း)**

## (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ နေ့ရက်အလိုက်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

| စဉ် | ရက်စွဲ | ပြိုင်ပွဲကျင်းပသည့်နေရာ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | အချိန် |
|---|---|---|---|---|---|
| ၁၀ | ၂၅-၁၀-၂၀၀၈ (စနေနေ့) | စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ) | အဆို၊ ကာလပေါ် | ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) | ၀၉း၀၀ |
| | | | အဆို၊ ကာလပေါ် | အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသမီး) | ၁၃း၀၀ |
| | | | အဆို၊ ကာလပေါ် | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား) | |
| | | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | ကွက်စိပ်ပြိုင်ပွဲ | ရာဟုလာအမွေတောင်းခန်း | ၀၉း၀၀ |
| | | | ဇာတ်သဘင် | ဘူရိဒတ်ဇာတ်တော်ကြီး(ရောဝတီတိုင်း) | ၁၉း၀၀ |
| | | သစ်တောသုတေသနဌာန (စုဝေးခန်းမ) | အတီး(တယော) | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး) | ၀၉း၀၀ |
| | | | အတီး(တယော) | အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး) | ၁၃း၀၀ |
| | | စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) | အတီး(ပတ္တလား) | ဝါသနာရှင်(ပထမတန်း)(အမျိုးသား) | ၀၉း၀၀ |
| | | | အတီး(ပတ္တလား) | အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀အတွင်း)(အမျိုးသမီး) | ၁၃း၀၀ |
| | | စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အတီး(ဆိုင်းတစ်ဦးချင်း) | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသမီး) | ၀၉း၀၀ |
| | | | အတီး(ဆိုင်းတစ်ဦးချင်း) | အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀အတွင်း)(အမျိုးသမီး) | |
| | | | အတီး(ဆိုင်းတစ်ဦးချင်း) | ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) | ၁၃း၀၀ |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၀-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅ "နေရာတိုင်းမှာတရားရှိတာသိအောင်ကြည့်" တရားတော် (အပိုင်း-၂)(ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၀ - ၂း၀၀ တက်ညီလက်ညီရုပ်တည်နိုင်ပြီ တိုင်းဧရာဝတီ
၈း၁၅ - ၂း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၀ - ၂း၄၀ ဂေါက်သီးချစ်သူများအတွက် သတင်းကောင်း
၈း၅၀ - ၂း၅၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (မျှော်စင်ကျွန်း Show)
၉း၁၅ - ၃း၁၅ ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅ တေးဂီတအစီအစဉ်
၉း၃၀ - ၃း၃၀ အစင်စံပြကျေးရွာ ဇီဝိတဒါနခရီးစဉ်မှ "ကျိုက်ဒေတမော်ဇရတ်"သို့
၁၀း၀၀ - ၄း၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅ တေးဂီတအစီအစဉ်
၁၀း၁၀ - ၄း၁၀ ကလေးတို့အတွက်လက်ဆောင် (စက္ကူမီးပုံးလေးခေါက်ကြရအောင်)
၁၀း၂၅ - ၄း၂၅ မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅ တစ်ပတ်အတွင်းအားကစားသတင်း
၁၀း၅၀ - ၄း၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀ သဘာဝအစားအစာများ "ရှားစောင်းလက်ပပ်ယိုနှင့်ဖျော်ရည်"
၁၁း၃၀ - ၅း၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ - ၅း၃၅ MRTV-4 စာအုပ်စင်ကဏ္ဍ (THE LATEST Guide နှင့်တွေ့ဆုံခြင်း)
၁၁း၅၅ - ၅း၅၅ ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
၁၂း၁၅ - ၆း၁၅ Yangon Panorama (၂၀၀၈ခုနှစ် ပထမအကြိမ် ဂျပန်သီချင်းဆိုပြိုင်ပွဲ)
၁၂း၃၅ - ၆း၃၅ ရေပျော်ငှက်၏တောင်ပံခတ်သံ
၁၂း၅၅ - ၆း၅၅ တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀ MRTV-4 အပိတ် Logo

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## Barclay Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၅း၂၅ | Everton-Man Utd | ESPN (Live) |
| ၆း၁၀ | Sunderland-Newcastle | Star Sports (Live) |
| ၈း၂၅ | Tottenham-Bolton | ESPN (Live) |
| | Portsmouth-Fulham | Star Sports (Live) |
| ၁၀း၅၅ | Blackburn-Middlesbrough | Star Sports (Live) |
| ၁၁း၀၀ | Wigan-Aston Villa | ESPN (SDD) |

## Series A ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၀၀ | Juventus-Torino | 5-Cartoon(Live) |





# ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်
# မြန်မာနိုင်ငံသည် ဤစိတ်ဓာတ်အခြေခံဖြင့် ကုလသမဂ္ဂ၏ နယ်ပယ်အများအပြားတွင် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခဲ့
# ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

**၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ထရမ် ဗန်ထန်း အမှုပြုသော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာ ဘီရှိုး ပါရာဂျူလီ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ (၆၃) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် ယခင်နှစ်များနည်းတူ (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့ အခမ်းအနားကို အစဉ်အလာမပျက် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်သည့်အတွက် မိမိအနေဖြင့် များစွာနှစ်ထောင်းအားရ ဂုဏ်ယူမိပါသည်ဟု ပထမဦးစွာ ပြောကြားလိုပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရေးနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားချင်း စာနာထောက်ထားရေး စသည့် နယ်ပယ်များတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး စသည့် တာဝန်များကို ထမ်းဆောင်ရာ၌ ရည်ရွယ်ချက်နှင့် အခြေခံမူများကို ခိုင်မြဲစွာ ဆုပ်ကိုင်လျက် ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဖွဲ့ကြီး စတင်တည်ထောင်ချိန်မှစပြီး (၆၃)နှစ်တာ ကာလ တစ်လျှောက်လုံး ကမ္ဘာကြီးကို ဦးဆောင်မှုပေးနိုင်ခဲ့ပါကြောင်း။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**
(အပေါ်ပုံ) (သတင်းစဉ်)

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီး ကုလသမဂ္ဂအဖွဲ့ဝင် ဖြစ်ကတည်းက အဖွဲ့ကြီး၏ လှုပ်ရှားဆောင်ရွက်မှုများတွင် **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**

# လမ်းပန်းဆက်သွယ်သွားလာမှု သွက်လက်မြန်ဆန်စေသည့် စစ်တောင်းတံတား(မုပ္ပလင်)




**နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် တက်ညီလက်ညီ ပူးပေါင်းပြီး တောင်တွေ့လျှင် လမ်းဖောက်၊ မြစ်ချောင်းတွေ့လျှင် တံတားဆောက်နိုင်သဖြင့် ပြည်ထောင်စုကြီး၏ အရှေ့-အနောက်၊ တောင်-မြောက်တွင် လမ်းပန်းသာ၍ သွားလမ်းဖြောင့်သော လမ်းကွန်ရက်စနစ်များ ဖြစ်ပေါ်နေသည်။**

### တိုးတက်အောင်မြင်မှုရရှိနေ

မွန်ပြည်နယ်သည် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝတွင် အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်သည်။ စိုက်ပျိုးရေးတွင် ဆန်စပါးဖူလုံရုံသာမက ပိုလျှံသည့်ဒေသဖြစ်သည့်အပြင် **စာမျက်နှာ ၇ ကော်လံ ၁ သို့ ❑**

### လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**ရန်ကုန် အောက်တိုဘာ ၂၄**

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)